# Module 3.1: SGBV and Pathways to Justice
# အစီအစဉ် (၃.၁) - SGBV နှင့် တရားမျှတမှုလမ်းကြောင်း

**Purpose of Session:** To explore pathways to justice for survivors of SGBV.
**အစီအစဉ်၏ရည်ရွယ်ချက်** - လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအကြမ်းဖက်မှုများမှ ရှင်သန်လွတ်မြောက်သူများအတွက် တရားမျှတမှုလမ်းကြောင်းကို ရှာဖွေပေးရန်။

## Outcomes, Skills and Methodologies
## ရလဒ်များ၊ ကျွမ်းကျင်မှုများနှင့်သင်ကြားရေးနည်းစနစ်များ

| **Outcomes:** | **ရလဒ်များ** |
|---|---|
| As a result of this session participants will be able to:<br>• Explain the concept of justice.<br>• Define different legal processes.<br>• Explain which approach would be more suitable to resolve different problems.<br>• Assess the legal options in a domestic violence case. | ဤအစီအစဉ်မှသင်တန်းသူ၊သားတို့သည်အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါလိမ့်မည်။<br>• တရားမျှတမှု၏ အယူအဆ၊သဘောတရားများကို ရှင်းပြလာနိုင်ပါလိမ့်မည်။<br>• ဥပဒေလမ်းကြောင်းအမျိုးမျိုးကိုလည်း ရှင်းပြလာနိုင်လိမ့်မည်။<br>• မတူညီသောပြဿနာအတွက် ဖြေရှင်းသင့်သည့်နည်းလမ်းများကိုလည်း ရှင်းပြပေးနိုင်လိမ့်မည်။<br>• အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာအမှုများအတွက်အသုံးပြုနိုင်မည့် ဥပဒေဆိုင်ရာရွေးချယ်မှုများနှင့် လက်လှမ်းမှီနိုင် လာလိမ့်မည်။ |

| **Skills:** | **ကျွမ်းကျင်မှုများ** |
|---|---|
| In this session participants will practice the following skills:<br>• Communication<br>• Listening<br>• Analysis<br>• Teaching or sharing ideas | ဤအစီအစဉ်တွင်သင်တန်းသူ၊သားများသည်အောက်ဖော်ပြပါကျွမ်းကျင်မှုများရရှိစေရန်လေ့ကျင့်ကြမည်။<br>• ဆက်သွယ်ပြောဆိုခြင်း<br>• နားထောင်ခြင်း<br>• စိစစ်သုံးသပ်ခြင်း<br>• သင်ကြားခြင်း၊ ဝေမျှခြင်းနှင့်ဆိုင်သည့် အတွေးအခေါ်များ |

| **Methodologies:** | **သင်ကြားရေးနည်းစနစ်များ** |
|---|---|
| In this session participants will practice the following training methodologies:<br>• Brainstorming<br>• Group work and presentation<br>• Jigsaw | ဤအစီအစဉ်တွင်သင်တန်းသူ၊သားများသည်အောက်ဖော်ပြပါသင်ကြားနည်းနည်းပညာများကိုလေ့ကျင့်ကြမည်။<br>• တီထွင်ကြံဆတွေးတောခြင်း<br>• အုပ်စုလုပ်ငန်း နှင့် တင်ပြခြင်း<br>• ဂျစ်ဆော |

## Rule of Law Principles
## တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများ

| | |
|---|---|
| The following rule of law principles are relevant to this session:<br>• Equality | ဤအခန်းသည် အောက်ပါ တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများနှင့်စပ်ဆိုင်ပါသည်။<br>• တန်းတူညီမျှရှိခြင်း |

| | |
|---|---|
| • Non-discrimination<br>• Human rights<br>• Access to Justice | • ခွဲခြားဆက်ဆံမှုမရှိခြင်း<br>• လူ့အခွင့်အရေးများ<br>• တရားမျှတမှုလက်လှမ်းမီခြင်း |

**Preparation**
**ပြင်ဆင်ပုံ**

| **Materials:** | **သင်ထောက်ကူပစ္စည်းများ** |
|---|---|
| For this session you will need:<br>• Coloured stickers<br>• Whiteboard/markers<br>• Flipchart paper | ဤအစီအစဉ်အတွက် သင်သည်အောက်ပါအရာများကိုလိုအပ်ပါလိမ့်မည်။<br>• ကာလာစတစ်ကာများ<br>• သင်ပုန်း၊ မာကာများ<br>• စာရွက်ဖြူကြီး |

| **Handouts:** | **ဝေငှစာရွက်များ** |
|---|---|
| In this session, participants will use:<br>• Handout 3.1.1 What is Justice?<br>• Handout 3.1.2 Area of Law Definitions<br>• Handout 3.1.3 Which System of Law<br>• Handout 3.1.4 Domestic Violence Scenario | ဤအစီအစဉ်တွင်သင်တန်းသူ၊သင်တန်းသားများသည်အောက်ပါတို့ကိုအသုံးပြုရပါလိမ့်မည်။<br>• ဝေငှစာရွက် ၃.၁.၁ တရားမျှတမှုရှိခဲ့ပါသလား။<br>• ဝေငှစာရွက် ၃.၁.၂ ဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်များ<br>• ဝေငှစာရွက် ၃.၁.၃ မည်သည့်ဥပဒေဆိုင်ရာစနစ်များကိုကျင့်သုံးရမည်နည်း။<br>• ဝေငှစာရွက် ၃.၁.၄ အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာဇာတ်ညွှန်း |

| **OPEN SESSION** | **(3 mins)** |
|---|---|
| **အဖွင့်အစီအစဉ်** | **(၃ မိနစ်)** |

Explain that the next several sessions will examine different legal processes to resolve or avoid disputes. Today's session introduces these legal processes, clarifies the differences between them, and explains different purposes that they serve in Myanmar society. Write outcomes on flipchart paper and explain them. Discuss other announcements and concerns.
လာမည့်အစီအစဉ်များတွင် တရားရေးဖြစ်စဉ်တွင် ကွဲပြားခြားနားခြင်းအကြောင်းအရာများကို လေ့လာပြီးအငြင်းပွားမှုဆိုင်ရာများကို ဘယ်လိုဖြေရှင်း/ရှောင်ရှားနိုင်မည်ကိုရှင်းပြပါ။ ယနေ့အစီအစဉ်တွင် ထိုသို့ကွဲပြားခြားနားသည့် တရားရေးဖြစ်စဉ်အကြောင်းအရာများကိုမိတ်ဆက်ရန်၊ ကွဲပြားခြားနားမှုများကိုရှင်းလင်းပေးသွားမည်ဖြစ်ပြီး၊ မြန်မာ့လူ့အဖွဲ့စည်းများတွင် ကွဲပြားခြားနားသည့် ရည်ရွယ်ချက်များကိုဘယ်လိုအထောက်အကူပြုသည်ကိုရှင်းလင်းသွားမည်ဖြစ်ပါသည်။ ရလဒ်များကို စာရွက်ကြီးပေါ်တွင်ရေးသားပြီးရှင်းလင်းပါ။ အခြားကြေငြာချက်များနှင့် သိရှိလိုသောအကြောင်းအရာများကိုဆွေးနွေးပါ။

| **REVIEW** | **(2 mins)** |
|---|---|
| **ပြန်လည်သုံးသပ်ခြင်း** | **(၂ မိနစ်)** |

Link this session's outcomes to previous sessions and activities.
ဤအစီအစဉ်၏ ရလဒ်များကို ပြီးခဲ့သော အစီအစဉ်နှင့် လုပ်ရှားမှုများနှင့် ဆက်စပ်ပေးပါ။

| ACTIVITY 1: WHAT IS JUSTICE? | (20 mins) |
|---|---|
| လှုပ်ရှားမှု ၁ - တရားမျှတမှု ဆိုသည်မှာအဘယ်နည်း။ | (၂၀ မိနစ်) |

**Purpose of Activity:** To discuss the meaning of justice and how justice can have different meanings to different people in different situations.
**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - တရားမျှတမှု၏ အဓိပ္ပာယ်ကို ဆွေးနွေးကြရန်နှင့် မတူညီသောအခြေအနေများတွင် မတူညီသောလူများအတွက် တရားမျှတမှုအဓိပ္ပာယ်အမျိုးမျိုး ရှိနေနိုင်ကြောင်းကိုလည်း ဆွေးနွေးကြရန် ဖြစ်ပါသည်။

**Methodology:** Case scenario
**သင်ကြားရေးနည်းစနစ် -** အမှုဇာတ်ညွှန်းများ

**Handout(s):** 3.1.1 What is Justice?
**ဝေငှစာရွက်များ -** ဝေငှစာရွက် ၃.၁.၁ တရားမျှတမှုဆိုသည်မှာ အဘယ်နည်း။

**Materials:** Flipchart paper and markers
**သင်ထောက်ကူပြု ပစ္စည်းများ** - စာရွက်ဖြူကြီးနှင့် မာကာဘောပင်များ

**Instructions**
**ညွှန်ကြားချက်များ**

- Ask participants to form 5 groups. Give each participant Handout 3.1.1.
- သင်တန်းသူ၊ သားများအား အဖွဲ့(၅)ဖွဲ့ခွဲပါ။ သင်တန်းသူ၊သားတစ်ဦးစီအားဝေငှစာရွက်၃.၁.၁ကိုပေးပါ။
- Ask each group to discuss the scenario and consider if the outcome was "fair" or "just".
- စာရွက်ပါဇာတ်ညွှန်း၏ရလဒ်သည်တရားမျှတမှုရှိကြောင်း၊မရှိကြောင်းကိုဆွေးနွေးခိုင်းပါ။
- Using the points raised in this discussion, ask each group to create a definition of "justice" and write it on the whitepaper. (10 mins)
- ဆွေးနွေးမှုထဲတွင်ပါဝင်ခဲ့သည့်အချက်များကိုအသုံးပြုပြီးအဖွဲ့တစ်ဖွဲ့စီအားတရားမျှတမှု၏အဓိပ္ပာယ်ကို ဖွင့်ဆိုခိုင်းပါ။ ပြီးနောက် စာရွက်ဖြူပေါ်တွင် ချရေးခိုင်းပါ။ (၁၀မိနစ်)
- Ask each group to present their definition by taping it on the wall to refer to throughout this module. (5 mins)
- ပြီးနောက် ၎င်းတို့ ရေးသားထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နံရံပေါ်တွင် ကပ်ခိုင်းပြီး တစ်ဖွဲ့ချင်းစီ တင်ပြခိုင်းပါ။ သင်ခန်းစာပြီးဆုံးသည်အထိ ထိုစာရွက်ကို နံရံပေါ်တွင် ကပ်ထားပါ။ (၅ မိနစ်)

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**
Ask participants to look at the definitions of justice on the wall and ask the following questions:
နံရံပေါ်ရှိ တရားမျှတမှုနှင့်ဆိုင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို သင်တန်းသူ၊သားများအား ကြည့်ခိုင်းပြီးနောက် အောက်ပါမေးခွန်းများ မေးပါ။

- Are all the definitions the same? Different?
- ၎င်းတို့ ဖွင့်ဆိုထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် တူညီနေကြပါသလား၊ သို့မဟုတ် မတူညီကြပါသလား။
- Was it difficult to come up with one definition? Why or why not?
- အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်ရရှိအောင် ပြုလုပ်ရခြင်းသည် ခက်ခဲပါသလား၊အဘယ့်ကြောင့် ခက်ပါသနည်း၊ အဘယ်ကြောင့် မခက်သနည်း။
- How do you think a person who has experienced SGBV would define justice?
- လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအကြမ်းဖက်မှုကို ခံစားရပြီးသည့် သူတစ်ယောက်၏ "တရားမျှတမှု" အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် တခြားသူများနှင့် တူညီနိုင်မည်ဟု သင်ထင်ပါသလား။

**Notes to facilitators**

The purpose of this activity is to encourage participants to think about justice and its different meanings. Participants should discover through this exercise that justice may mean different things to different people in different contexts. This is true in all cases even in matters related to SGBV. Some survivors of SGBV may describe punishment as justice for persons who have abused them. Other survivors may describe punishment as stopping the violence without punishment.

**သင်တန်းနည်းပြများအတွက် မှတ်စုများ**

ဤသင်ခန်းစာ၏ ရည်ရွယ်ချက်မှာ - သင်တန်းသူ၊သားများအား တရားမျှတမှု၏ အဓိပ္ပာယ်နှင့် ၎င်း၏ တခြားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို စဉ်းစားတွေးခေါ်စေရန် ဖြစ်ပါသည်။ ယခုသင်ခန်းစာမှတဆင့် သင်တန်းသူ၊သားများ သင်ယူနိုင်မည်မှာ … တရားမျှတမှုဆိုသည့်အရာသည် မတူညီသောအခြေအနေတွင် ရှိသော မတူညီသည့်သူများအတွက် တခြားသော အဓိပ္ပာယ်များကို ဖော်ဆောင်နိုင်ကြောင်း လေ့လာနိုင်မည်ဖြစ်ပါသည်။ လိင်ပိုင်းဆိုင်ရာ နှင့်ကျားမရေးရာ အကြမ်းဖက်မှု ပြဿနာများမှအစ တခြားသော ပြဿနာများတွင်လည်း ယခုကဲ့သို့ပင် ဖြစ်ပါသည်။ တချို့သော လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာအကြမ်းဖက်ခံရခြင်းမှ လွတ်မြောက်လာသူများကမူ ၎င်းတို့အား ထိုသို့ကျူးလွန်ခဲ့သူများအား အပြစ်ဒဏ်ပေးခြင်းသည် တရားမျှတမှုပင်ဖြစ်သည်ဟု ဖွင့်ဆိုကြောင်း ဖွင့်ဆိုနိုင်မည်။ တခြားသောသူများကမူ ပြစ်ဒဏ်ပေးစရာမလိုပဲ ထိုသို့ထပ်မံမကျူးလွန်အောင် နေခြင်းသည်ပင် အပြစ်ဒဏ်ပေးခြင်းဟူ၍သတ်မှတ်ကောင်း သတ်မှတ်နိုင်သည်။

| ACTIVITY 2: DIFFERENTIATING BETWEEN LEGAL PROCESSES | (25 mins) |
|---|---|
| လုပ်ရှားမှု ၂ - ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များအကြား ကွဲပြားမှုကို လေ့လာခြင်း | (၂၅ မိနစ်) |

**Purpose of Activity:** To help participants understand the different processes of resolving legal disputes.

**လုပ်ရှားမှု၏ ရည်ရွယ်ချက်** - ဥပဒေဆိုင်ရာအငြင်းပွားမှုများကို ဖြေရှင်းရန် ဖြေရှင်းနည်းအမျိုးမျိုးရှိကြောင်းကိုသင်တန်းသူ၊သားများအား နားလည်သိရှိစေရန်ဖြစ်ပါသည်။

**Methodology:** Jigsaw

**သင်ကြားရေးနည်းစနစ်** - Jigsaw

**Handout(s):** 3.1.2: Area of Law Definitions (cut into strips so that there is one definition on each strip.)

**ဝေငှစာရွက် (များ):** ၃.၁.၂ ဥပဒေအဓိပ္ပါယ်ဖွင့်ဆိုချက်များ (ဝေငှစာရွက်တစ်ရွက်လျှင် အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုသာရှိစေရန် ဖြတ်ပေးပါ။)

**Materials:** None

**သင်ထောက်ကူပစ္စည်းများ** - မရှိပါ။

**Instructions**

**ညွှန်ကြားချက်များ**

- Ask participants to form 4 groups.
- သင်တန်းသူ၊သားများအားအဖွဲ့ ၄ ဖွဲ့ ဖွဲ့ပါ။
- If possible, assign one person who is familiar with legal systems to each group.
- ဖြစ်နိုင်ပါကဥပဒေဆိုင်ရာစနစ်များအကြောင်းသိသူများကိုအဖွဲ့တစ်ဖွဲ့ချင်းစီအတွင်းပါဝင်အောင်အဖွဲ့ခွဲပေးပါ။
- Give each group one of the definitions.
- အဖွဲ့တစ်ဖွဲ့စီကိုဥပဒေဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုစီ ပေးပါ။
- Tell each group that they should discuss their definition and possible examples. They will become the expert on that area of the law and teach others.

- အဖွဲ့တစ်ဖွဲ့စီအား ၎င်းတို့ ရရှိထားသည့် ဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုစီ၏ ဆိုလိုရင်းနှင့် ဥပမာ များကို လည်း ဆွေးနွေးခိုင်းပါ။ ထိုသို့ အဖွဲ့အတွင်းဆွေးနွေးပြီးသည့် အချိန်တွင် ၎င်းတို့သည် ကျွမ်းကျင်သူ များအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ပြီး တခြားသူများသို့ ပြန်သင်ပေးရပါမည်။
- Each group will have a different definition. (5 mins)
- အဖွဲ့တစ်ဖွဲ့ချင်းစီသည် မတူညီသော ဥပဒေဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို ရရှိပါမည်။ (၅မိနစ်)
- Give each member of each group a different coloured sticker and ask participants to form new groups where all members have the same colours.
- အဖွဲ့တစ်ဖွဲ့ချင်းစီရှိ အဖွဲ့ဝင်တစ်ဦးစီအား မတူညီသော ကာလာစတစ်ကာစာရွက်တစ်ရွက်စီ ပေးပါ။ ထို့နောက် ၎င်း တို့ရရှိထားသည့် စတစ်ကာအရောင်အလိုက် တူရာအုပ်စုများ ဖွဲ့ခိုင်းပါ။
- In these new groups, ask participants to take turns teaching each other about their areas of law using the previously identified examples. (10 mins)
- ထိုကာလာစတစ်ကာများဖြင့် ဖွဲ့လိုက်သော အုပ်စုသစ်များအတွင်းရှိ သင်တန်းသူ၊သားများအား ၎င်းတို့ ပထမအုပ်စု အတွင်းက လေ့လာခဲ့ကြသည့် ဥပဒေများအကြောင်း ဥပမာများ သုံးပြီး အချင်းချင်း ပြန်လည် ရှင်းပြခိုင်းပါ။

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**
Ask participants the following questions:
သင်တန်းသူ၊သားများအား အောက်ဖော်ပြပါ မေးခွန်းများ မေးပေးပါ။

- Of the four methods or processes of resolving legal disputes which ones are considered part of the formal justice system?
- ဥပဒေရေးရာအငြင်းပွားမှုများကို ဖြေရှင်းနည်း ၄ မျိုး ရှိသည့်အနက် မည်သည့်အရာသည် ရုံးဆန်သော (Formal ဖြစ်သော) တရားစီရင်ရေး စနစ်ဖြစ်သည်ဟု မှတ်ယူ၍ရနိုင်သနည်း။
- Of the four methods or processes of resolving legal disputes which ones are considered part of the informal justice system?
- ဥပဒေရေးရာအငြင်းပွားမှုများကို ဖြေရှင်းနည်း (၄) မျိုး ရှိသည့်အနက် မည်သည့်အရာသည် ရုံးမဆန်သော (Informal ဖြစ်သော) တရားစီရင်ရေး စနစ်ဖြစ်သည်ဟု မှတ်ယူ၍ရနိုင်သနည်း။
- Do you think persons who have experienced SGBV prefer to use the formal or the informal justice system? Why or why not?
- လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာအကြမ်းဖက်မှုကို ခံရသည့်သူများသည် ရုံးကနားဆန်သည့် တရားစီရင်ရေးစနစ် နှင့် ရုံးကနားမဆန်သည့် တရားစီရင်ရေးစနစ်တို့တွင် မည်သည့်စနစ်ကို ပိုပြီး နှစ်သက်လိမ့်မည်ဟု သင်ထင်ပါသ နည်း။

**Notes to facilitators**
The formal justice system is one in which laws are set and enforced by state institutions such as courts, police, judges, and prisons. The informal justice system operates outside of these state institutions. Both systems are important for resolving disputes.

**သင်တန်းနည်းပြများအတွက် မှတ်စုများ**
ရုံးကနားဆန်သောတရားစီရင်ရေးစနစ် (Formal Justice System) တွင် ချမှတ်ထားသည့် ဥပဒေများရှိပြီး နိုင်ငံအဖွဲ့ အစည်းများ ဖြစ်သည့် တရားရုံးများ၊ ရဲများ၊ တရားသူကြီးများ၊ နှင့် ထောင်များမှ ထိုဥပဒေများအတိုင်း လိုက်နာကျင့်သုံးရန် လိုပါသည်။ သို့သော် ရုံးကနားမဆန်သောတရားစီရင်ရေးစနစ် (Informal Justice System) တွင်ကား ထိုနိုင်ငံအဖွဲ့ အစည်းများနှင့် မသက်ဆိုင်ဘဲ ၎င်းတို့၏ ပြင်ပတွင် လုပ်ဆောင်ရပါသည်။ ထိုစနစ်နှစ်မျိုးစလုံးတို့သည် အငြင်းပွားမှုများကို ဖြေရှင်းရန် အရေးပါသည့် စနစ်များ ဖြစ်ကြပါသည်။

| ACTIVITY 3: WHICH PROCESS OF LAW? | (15 mins) |
|---|---|
| **လုပ်ရှားမှု ၃ - မည်သည့်ဥပဒေလုပ်ငန်းစဉ်များ ပါဝင်နေပါသလဲ။** | **(၁၅ မိနစ်)** |
| **Purpose of Activity:** To apply the definitions learned in Activity 2 by matching them with a fact scenario.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - လှုပ်ရှားမှု၂တွင်လေ့လာသင်ယူခဲ့သည့်ဥပဒေဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များကို ၎င်းတို့၏ သက်ဆိုင်ရာ ဇာတ်ညွှန်းများနှင့် ချိတ်ဆက်ပေးရန်ဖြစ်ပါသည်။<br><br>**Methodology:** Think-pair-share, Brainstorm<br>**သင်ကြားရေးနည်းစနစ် -** စဉ်းစားပါ - နှစ်ယောက်တတွဲဆွေးနွေးပါ - ဝေမျှပါ ကြိုတင်ကြံဆတွေးတောခြင်း<br><br>**Handout(s):** 3.1.3 – Which System of Law<br>**ဝေငှစာရွက်(များ)** ၃.၁.၃ - မည်သည့်ဥပဒေစနစ်ကို ကျင့်သုံး၍ ရသနည်း။<br><br>**Materials:** Whiteboard<br>**သင်ထောက်ကူပစ္စည်းများ -** သင်ပုန်း ဝေ့စာရွက် ၃.၁.၃ | |

**Instructions**

**ညွှန်ကြားချက်များ**

- Ask participants to form pairs. Distribute Handout 3.1.3: 'Which System of Law' to all participants.
- သင်တန်းသူ၊သားများအား ၂ ယောက်တတွဲအုပ်စုများဖွဲ့ခိုင်းပါ။ ဝေငှစာရွက် (၃.၁.၃) ဖြစ်သည့် မည်သည့် ဥပဒေ စနစ်ကိုကျင့်သုံး၍ ရသနည်း ဟူသည့် စာရွက်ကို သင်တန်းသူ၊ သားတစ်ဦးစီအား ပေးပါ။
- Write the following along the top of the whiteboard as titles of vertical columns: Criminal Law, Civil Law, Administrative Law, ADR (short for Alternative Dispute Resolution).
- အောက်ဖော်ပြပါတို့ကို သင်ပုန်းပေါ်တွင် ဒေါင်လိုက်ကော်လံများဆွဲပြီး ရေးပေးပါ။ ပြစ်မှုဆိုင်ရာဥပဒေ၊ တရားမ ဥပဒေ၊ အုပ်ချုပ်မှုဆိုင်ရာဥပဒေ၊ အငြင်းပွားမှုများကို တခြားသောနည်းများဖြင့် ဖြေရှင်းခြင်းများ (ADR)။
- Ask pairs to consider each scenario and decide which legal process is most applicable for each scenario and why (there may be more than one option).
- ထို့နောက် အဖွဲ့များအား ၎င်းတို့ရရှိထားသည့် ဇာတ်ညွှန်းများသည် မည်သည့်ဥပဒေများနှင့် သက်ဆိုင်နေကြောင်း ကို စဉ်းစားခိုင်းပါ။ ထိုဇာတ်ညွှန်းတစ်ခုစီနှင့် သက်ဆိုင်နိုင်သည့် ဥပဒေများသည် တစ်ခုထက် ပိုနေနိုင်ပါသည်။
- Write the scenario number under appropriate columns as pairs respond. It is okay to have the same number in different columns. (5 mins)
- ဇာတ်ညွှန်းနံပါတ်ကို၎င်းတို့၏ သက်ဆိုင်ရာကော်လံအောက်တွင် အဖွဲ့လိုက်ရေးခိုင်းပါ။ တူညီသော ဇာတ်ညွှန်းနံ ပါတ်တို့သည် မတူညီသောကော်လံများအောက်တွင် ရှိနေနိုင်ပါသည်။ (၅ မိနစ်)
- Consider each scenario in turn asking different pairs the following questions. Ask one per team. Ask other teams to raise one hand if they agree with the responses provided, and to raise two hands if they disagree.
- ထို့နောက် ဇာတ်ညွှန်းတစ်ခုချင်းစီအတွက် အောက်ဖော်ပြပါမေးခွန်းများ မေးပေးပါ။ အဖွဲ့တစ်ဖွဲ့ချင်းစီအား မေးပါ။ ၎င်းတို့ ဖြေလိုက်သည့်အဖြေများကို သဘောတူပါက လက်တစ်ဖက်မြှောက်ခိုင်းပြီး သဘောမတူပါက လက်နှစ်ဖက် မြှောက်ခိုင်းပါ။
    - Which system[s] of law applies? Why?
    - မည်သည့်ဥပဒေစနစ်(များ)ကို ကျင့်သုံး၍ရသနည်း။ ဘာ့ကြောင့်နည်း။
    - What parties are involved in these situations?
    - ဤအခြေအနေများတွင် မည်သူများ ပါဝင်နေသနည်း။
    - What laws probably apply to these situations?
    - ဤအခြေအနေများတွင် မည်သည့်ဥပဒေများကို ကျင့်သုံး၍ရသနည်း။

- What potential outcomes are likely in each situation?
- အခြေအနေတစ်ခုချင်းစီတွင် မည်သည့် ဖြစ်နိုင်သည့်ရလဒ်များ ရှိနိုင်သနည်း။

- Briefly explore disagreements by asking about reasons, encouraging a response, inviting broader discussion, seeking consensus, and if none comes, subjecting the differing views to a raise your hand vote in deciding where to place the response in the whiteboard chart. (8 mins)
- သဘောမတူပါဟု ဖြေသည့်သူများကို သဘောမတူရသည့်ရည်ရွယ်ချက်များ၊ နှင့် အဘယ့်ကြောင့် သဘောမတူကြောင်းကို အကျဉ်းချုပ်မေးပေးပြီး ၄င်းတို့အကြား အပြန်အလှန်ဆွေးနွေးမှုများ ရှိလာအောင်လုပ်ပေး ပါ။ ပြီးနောက် ၄င်းတို့အကြား သဘောတူညီချက်ရရှိအောင် ပြုလုပ်ပေးပါ။ ထိုသို့ ပြုလုပ်သည့်အကြားမှ သင်တန်းသူ/သားများ အကြား သဘောတူညီချက် မရခဲ့လျှင် သင်တန်းနည်းပြမှ ကြားဝင်ပြီး ဖြစ်သင့်သည့်ဘက်တွင် မဲပေးပေးပြီး သင်ပုန်း ပေါ်တွင် ပြင်ဆင်ရေးသားပေးပါ။ (၈ မိနစ်)

**Closing Activity (2 mins)**
**အပိတ်လှုပ်ရှားမှု (၂ မိနစ်)**

Ask participants the following question:
သင်တန်းသူ/သားများအား အောက်ပါတို့ကို မေးပါ။

- Of the four methods, which one is most important when we think about the rule of law principles? (Ask a couple of participants to share their thoughts briefly.
- နည်းလမ်း ၄ မျိုးအနက် မည်သည့် နည်းလမ်းသည် တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများအရ အရေးကြီး ဆုံးဖြစ်သနည်း။

| **ACTIVITY 4: DOMESTIC VIOLENCE** | **(20 mins)** |
|---|---|
| **လှုပ်ရှားမှု ၄ - အိမ်တွင်းအကြမ်းဖက်မှု** | **(၂၀ မိနစ်)** |
| **Purpose of Activity:** To assess the pros and cons of legal options in a domestic violence case.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - အိမ်တွင်းအကြမ်းဖက်မှုအတွက် ရွေးချယ်နိုင်သည့်ဥပဒေဆိုင်ရာ ရွေးချယ်မှုများ၏ ကောင်းကျိုးနှင့်ဆိုးကျိုးများ လက်လှမ်းမီမှုရစေရန်။<br><br>**Methodology:** Group discussion<br>**သင်ကြားရေးနည်းစနစ်** - အုပ်စုလိုက်ဆွေးနွေးခြင်း<br><br>**Handout:** 3.1.4 – Domestic Violence Scenario and Legal Options<br>**ဝေငှစာရွက်** ၃.၁.၄ - အိမ်တွင်းအကြမ်းဖက်မှုဖြတ်လမ်းနှင့် ဥပဒေဆိုင်ရာရွေးချယ်ခြင်း (မြန်မာနိုင်ငံ နှင့် အပြည်ပြည်ဆိုင်ရာ)<br><br>**Materials:** None<br>**သင်ထောက်ကူပစ္စည်းများ** - မရှိပါ။ | |

**Instructions**
**ညွှန်ကြားချက်များ**

- Ask participants to quickly form small groups of 3 or 4 people.
- သင်တန်းသူ/သားများအား (၃) သို့ (၄) ယောက်ပါဝင်သည့်အုပ်စုငယ်များအမြန်ဖွဲ့ခိုင်းပါ။
- Give each participant Handout 3.1.4 and ask them to read it carefully.
- သင်တန်းသူ/သားတစ်ယောက်ချင်းစီအားဝေငှစာရွက်၃.၁.၄ကိုပေးပြီးသေချာစွာဖတ်ခိုင်းပါ။
- Ask each group to discuss the two legal options described in the handout and decide which option is best for Phyu Phyu and her children. (15 mins)

- ဝေငှ စာရွက်ထဲတွင်ဖော်ပြထားသည့်ဥပဒေဆိုင်ရာရွေးချယ်မှု ၂ ခုအကြောင်း အုပ်စုတစ်စုစီအားဆွေးနွေးခိုင်းပါ။ ပြီးနောက် ဖြူဖြူနှင့်သူမ၏ကလေးများအတွက် အသင့်တော်ဆုံးသော ရွေးချယ်မှုတစ်ခုကို ဆုံးဖြတ်ပေးခိုင်းပါ။

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု ( ၅မိနစ်)**

- Ask each group what option they chose and reasons for choosing that option.
- အုပ်စုတစ်ခုစီအားၾင်းတို့ရွေးချယ်ပေးခဲ့သည့်ရွေးချယ်ကိုမေးပါ။အဘယ့်ကြောင့်ထိုသို့ရွေးချယ်ခဲ့သည်ကိုလည်းမေးပေးပါ။
- Ask participants who are listening to raise both hands if they disagree. Ask reasons for any disagreements and discuss them.
- သဘောမတူသောသူများအား လက်၂ဖက်ထောင်ခိုင်းပါ။ ပြီးနောက် အဘယ့်ကြောင့် သဘောမတူကြောင်း မေးပြီး ဆွေးနွေးမှုများ ပြုလုပ်ခိုင်းပါ။

| SUMMARY AND EVALUATION | (5 mins) |
|---|---|
| **အကျဉ်းချုပ်ခြင်းနှင့် သုံးသပ်ရန်** | **(၅ မိနစ်)** |

Ask participants the following questions:
သင်တန်းသူ၊ သားများအား အောက်ပါမေးခွန်းများကို မေးပါ။

- How does a person's definition of justice influence their choice of a method to resolve a legal dispute?
- လူအချင်းချင်းအကြားတွင်တရားမျှတမှုဆိုသည့်အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပြောင်းလဲသွားသည်နှင့် ၎င်းတို့၏ ဥပဒေဆိုင်ရာအငြင်းပွားမှုများကို ဖြေရှင်းပုံနည်းလမ်းများသည် အဘယ့်ကြောင့် ကွာခြားသွားသနည်း။
- How does a person's knowledge of pros and cons of different legal options influence their choices?
- မတူညီသော ဥပဒေရွေးချယ်မှုများ၏ ကောင်းကျိုးမကောင်းကျိုးများအား သိရှိနားလည်ခြင်းသည် ၎င်းတို့၏ရွေးချယ်မှုအပေါ် မည်သို့ လွှမ်းမိုးမှု ရှိသနည်း။
- Is there one legal process that has a better guarantee of achieving justice?
- တရားမျှတမှုဆိုသည့်အရာကိုအာမခံနိုင်သည့်တစ်ခုတည်းသောဥပဒေအရဖြေရှင်းခြင်းနည်းလမ်းရှိပါသလား။
- Are the rule of law principles important in both formal and informal methods for resolving disputes?
- အငြင်းပွားမှုများကို လုပ်ထုံးလုပ်နည်းအရဖြေရှင်းခြင်းနှင့် သမရိုးကျဖြေရှင်းခြင်းတို့တွင် တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများသည် အရေးပါပါသလား။

# Handout 3.1.1: What is Justice?
# ဝေငှစာရွက် (၃.၁.၁) - တရားမျှတမှုဆိုသည်မှာ အဘယ်နည်း။

Khin Khin lives in a rural village in Shan State. She is raped by a 30-year old man on her way home from school. Her parents are outraged and go to the Village Elder. There are many discussions back and forth with the Elder. Khin Khin is asked to give her story, but no one asks her what type of punishment the man should receive. After several weeks, Khin Khin's parents agree that she will marry the man and he will give Khin Khin's family a share of his livestock.

Was there justice in this case?

ခင်ခင်သည် ရှမ်းပြည်နယ်ရှိ ကျေးရွာတရွာတွင် နေထိုင်သည်။ သူမ ကျောင်းမှ အိမ်သို့ ပြန်လာစဉ် လမ်းမှာ အသက် ၃၀ အရွယ်ရှိသော အမျိုးသားတစ်ယောက်၏ မုဒိမ်းကျင့်ခြင်းကို ခံလိုက်ရသည်။ သူမ၏ မိဘများမှ မခံမရပ်နိုင်ဖြစ်ပြီး ကျေးရွာလူကြီးထံ သွားကြသည်။ ကျေးရွာလူကြီးနှင့် အပြန်အလှန် ဆွေးနွေးမှုများစွာ ပြုလုပ်ခဲ့သည်။ ခင်ခင့်ကို ဖြစ်ပျက်သမျှအား ပြန်လည် ပြောစေသည်။ သို့သော် ကျူးလွန်သူအပေါ် ဘယ်လို အပြစ်ဒဏ်ပေးမှု ရရှိစေချင်သလဲဟု မည်သူမှ သူမအား မမေးကြပါ။ ရက်သတ္တပတ်ပေါင်းများစွာ ကြာပြီးနောက် ထိုကျူးလွန်သူနှင့် ခင်ခင်အား လက်ထပ်ပေးရန်နှင့် ခင်ခင်၏ မိသားစုအား ထိုသူ ပိုင်ဆိုင်သော ကျွဲနွားများဝေစုအား ပေးမည် ဆိုသည်ကို ခင်ခင်၏ မိဘများက သဘောတူလိုက်ကြသည်။

ဤအမှု၌ တရားမျှတမှု ရှိပါသလား။

# Handout 3.1.2: Area of Law Definitions
# ဝေငှစာရွက် (၃.၁.၂) - ဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

**အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းမှုနည်းလမ်းများ**

အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းမှုနည်းလမ်းများသည် တရားရုံးဆိုင်ရာအမှုကိစ္စများ (သို့) လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ ဖြေရှင်းခြင်းမဟုတ်ဘဲ တခြားသောနည်းများဖြင့် ဖြေရှင်းခြင်းနည်းများ ဖြစ်ကြသည်။ ထိုတခြားသောနည်းများဖြင့် ဖြေရှင်းခြင်းနည်းများမှာ တရားရုံးပြင်ပတွင် ဖျန်ဖြေခြင်း၊ ညှိနှိုင်းခြင်း နှင့် ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းတို့ဖြင့် အငြင်းပွားမှုကို ဖြေရှင်းသည့် နည်းလမ်းများဖြစ်သည်။

**ALTERNATIVE DISPUTE RESOLUTIONS**

**Alternative Dispute Resolutions** are a way to solve conflicts without using formal court cases or procedures. These alternatives include mediation, negotiation, and arbitration.

**ပြစ်မှုဆိုင်ရာ ဥပဒေ**

ပြစ်မှုကျူးလွန်ခြင်း စွပ်စွဲခံရသူနှင့် နိုင်ငံတော်တို့အကြား လိုက်နာဆောင်ရွက်ရန် သတ်မှတ်ပြဋ္ဌာန်းပေးချက်များ ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေသည် ပြုမူလုပ်ဆောင် နေထိုင်ခြင်းဆိုင်ရာ စည်းကမ်းပြဋ္ဌာန်း ချက်များ ဖြစ်သည်။ ယင်းပြဋ္ဌာန်းပါ စည်းကမ်းချက်များကို ကျူးလွန် ဖောက်ဖျက်ပါက တရားစွဲဆိုခြင်းနှင့် အပြစ်ဒဏ်ပေးခြင်း ခံရမည်ဖြစ်ပြီး ထောင်ဒဏ် (သို့) ငွေဒဏ် ကျခံရမည်။ သို့ဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေသည် ပြစ်မှုဆိုင်ရာ ကျူးလွန်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရဲ၏စစ်ဆေးခြင်း၊ စစ်ဆေးစီရင်ခြင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေအရ ကုစားခြင်း၊ အကျဉ်းကျခြင်းနှင့် အလားတူ ပြဿနာအချင်းအရာများနှင့်သက်ဆိုင် ပါဝင်သည်။

**CRIMINAL LAW**

**Criminal law** is a set of provisions that deal with relations between allegedly misbehaving individuals and the state. Criminal law establishes rules of conduct. If a person breaks the law, is prosecuted, and convicted, it will result in punishment such as imprisonment and fines. Criminal law involves the police, arrest, investigations, trial, criminal legal remedies, detention and similar issues.

**တရားမ ဥပဒေ**

တရားမ ဥပဒေသည် လူသားများနေ့စဉ် ကြုံတွေ့ရသည့် အကြောင်းအရာများဖြစ်သည် (ဥပမာ - နေအိမ် တိုက်ခန်း ရောင်းချခြင်း၊ အရောင်းအဝယ် စာချုပ်ပြုခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း နှင့် ပုဂ္ဂိုလ်ရေးရာ ဒဏ်ရာ အနာတရဖြစ်ခြင်း (သို့) ပစ္စည်းဥစ္စာ ပျက်စီးခြင်းကြောင့် နစ်နာကြေး ရရှိခြင်း)။ ယေဘုယျအားဖြင့် ပုဂ္ဂိုလ်နှစ်ဦးနှင့်သာ သက်ဆိုင်ပြီး အစိုးရအနေဖြင့် တိုက်ရိုက် ပါဝင်ပက်သက်ခြင်း မရှိပါ။

**CIVIL LAW**

**Civil law** is about daily activities we come across in our lives: how to sell an apartment; create a contract for buying goods; divorce, inheritance and to receive compensation for a personal injury or damage to property. It is normally between two persons and the government is not directly involved.

**အုပ်ချုပ်မှုဆိုင်ရာဥပဒေ**

အုပ်ချုပ်မှုဆိုင်ရာ ဥပဒေသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၏ အပြန်အလှန် အကျိုးသက်ရောက်မှုနှင့် လိုက်နာမှုရှိစေရန် သတ်မှတ် ပြဋ္ဌာန်းချက်များ ဖြစ်သည်။ ယင်းအချက်များတွင် အလုပ်အကိုင် ခန့်ထားခြင်းဆိုင်ရာ အငြင်းပွားမှုများ၊ မြေယာ အငြင်းပွားမှုများ၊ အခွန်စည်းကြပ်ခြင်း၊ အကောက်ခွန် ကောက်ခံခြင်း၊ လူဝင်မှု ကြီးကြပ်မှုဆိုင်ရာများနှင့် အထွေထွေ အုပ်ချုပ်ရေးဌာနဆိုင်ရာနှင့် ပတ်သက်သည့် အကြောင်းအရာများ ပါဝင်သည်။

**ADMINISTRATIVE LAW**

**Administrative law** is a set of provisions, which regulate the interactions between individuals and governmental administrative bodies. These can include employment disputes, land disputes, taxation, customs, immigration, and matters related to the General Administrative Department.

## Handouts 3.1.3: Which System of Law Applies?
## ဝေငှစာရွက် (၃.၁.၃) - မည်သည့်ဥပဒေစနစ်များကို ကျင့်သုံး၍ ရသနည်း။

1. A person who is alleged of having committed rape is arrested by the police.
၁။ လူတစ်ဦးသည် မုဒိန်းမှုဖြင့် စွပ်စွဲခံရပြီး ရဲများ၏ ဖမ်းဆီးခြင်းကို ခံထားရပါသည်။

2. Poe Poe and Aung Thein are Christian. They have decided to seek a divorce.
၂။ ပိုပိုနှင့် အောင်သိန်းတို့သည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပါသည်။ ၄င်းတို့သည် ကွာရှင်းရန် ဆုံးဖြတ်ချက်ချပြီး သူများလည်း ဖြစ်ကြပါသည်။

3. Tun Hlaing is building a new house on Lamadaw Street. He receives a notice from the Lashio Development Committee claiming his building extends onto the public street and he must correct the problem in one month.
၃။ ထွန်းလှိုင်သည် လမ်းမတော်လမ်းတွင် အိမ်သစ်တစ်လုံး ဆောက်နေပါသည်။ သူသည် လားရှိုးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ နို့တစ်စာတစ်စောင်ကို လက်ခံရရှိခဲ့ပါသည်။ ထိုစာတွင် ၄င်းဆောက်လုပ်နေသည့် အဆောက်အဦးသည် အများပိုင် လမ်းမြေပေါ်သို့ ကျရောက်နေကြောင်းနှင့် ထိုသို့ ဖြစ်နေသည့်ပြဿနာကို တစ်လအတွင်း ဖြေရှင်းရမည်ဖြစ်ကြောင်း ရေးသားထားပါသည်။

4. Wint Mar and her husband are separated with four children. Wint Mar goes to see the village elder for his assistance in asking her husband to provide financial support for the children.
၄။ ဝင့်မာနှင့် သူမ၏ ခင်ပွန်းတို့သည် ကလေး ၄ ယောက်ရပြီး ကွဲသွားခဲ့ပါသည်။ ဝင့်မာ သည် ကလေးများအတွက် သူမခင်ပွန်းထံမှ ငွေကြေးဆိုင်ရာ ထောက်ပံ့ကြေးရရန် ရပ်ရွာ တွင်းရှိ လူကြီးများထံသို့ သွားရောက်ခဲ့ပါသည်။

# Handout 3.1.4: Domestic Violence Scenario and Legal Options
# ဝေငှစာရွက် (၃.၁.၄) - အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာဇာတ်ညွှန်းနှင့် ဥပဒေဆိုင်ရာရွေးချယ်မှုများ

**Scenario**

Phyu Phyu and Tun Tun have been married for 8 years and have two children, ages 3 and 6. Phyu Phyu is 6 months pregnant with her third child. Phyu Phyu and Tun Tun are both Buddhist.

Tun Tun works for the government and Phyu Phyu earns a small income sewing at home. Tun Tun likes to go to the tea shop every evening and drink with his friends. When he comes home he is drunk and beats Phyu Phyu.

Phyu Phyu cannot get help from Tun Tun's family because they do not like her and think she is a bad wife. Tun Tun's elder sister has also beaten Phyu Phyu.

Phyu Phyu fears for her unborn child and two children. She does not want to keep living with Tun Tun. One night, Phyu Phyu's neighbor hears Phyu Phyu screaming and calls the police. The police arrive and talk to Tun Tun who says nothing happened. Phyu Phyu is too scared to talk to the police. The police do not see any injuries and leave.

The next day, Phyu Phyu finds that she is unable to walk. Phyu Phyu is unable to walk for 30 days. She does her best to care for the children during this time. After a month has passed, she asks her neighbor to take her to the medical clinic. At the clinic she is given a brochure for a legal clinic. The lawyer at the clinic gives her the following information:

**ဇာတ်ညွှန်း**

ဖြူဖြူနှင့်ထွန်းထွန်းတို့ လက်ထပ်ပြီးသည်မှာ ၈ နှစ် ရှိပြီဖြစ်ပြီး ၃ နှစ်အရွယ်နှင့် ၆ နှစ်အရွယ် ကလေးနှစ်ယောက် ထွန်းကားခဲ့ပါသည်။ ဖြူဖြူ တတိယကိုယ်ဝန် ဆောင်ထားသည်မှာ ၆ လ ရှိပါပြီ။ ဖြူဖြူနှင့် ထွန်းထွန်း နှစ်ဦးစလုံးတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။

ထွန်းထွန်းသည် အစိုးရဝန်ထမ်းဖြစ်ပြီး ဖြူဖြူမှာမူကား အိမ်တွင် စက်ချုပ်ပြီး တနိုင်ဝင်ငွေ ရှာဖွေလေ့ရှိပါသည်။ ထွန်းထွန်းသည် ညနေတိုင်းတွင် သူ၏သူငယ်ချင်းများနှင့်အတူ လက်ဖက် ရည်ဆိုင် ထိုင်လေ့ရှိပါသည်။ သူ အိမ်ပြန်လာသည့် အချိန်တွင် မူးနေပြီး ဖြူဖြူ့အား ရိုက်လေ့ရှိ ပါသည်။

ထွန်းထွန်း၏ မိသားစုသည် ဖြူဖြူ့အား မနှစ်သက်သဖြင့် မည်သည့်အကူအညီမှ မပေးပါ။ ထို့အပြင် ၄င်းတို့သည် သူမအား ဇနီးဆိုးဟူ၍လည်း မှတ်ယူကြပါသည်။ ထွန်းထွန်း၏ အစ်မ ကလည်း ဖြူဖြူ့အား ရိုက်ပါသည်။

ဖြူဖြူသည် သူမ၏ မမွေးသေးသောကလေးနှင့် မွေးပြီးသောကလေးနှစ်ယောက်အတွက် စိုးရိမ်ကြောက်ရွံ့နေပါသည်။ သူမသည် ထွန်းထွန်းနှင့် ဆက်လက် မနေလိုတော့ပါ။ တညတွင် ဖြူဖြူ အော်နေသံကို သူမ အိမ်နီးချင်းက ကြားသွားပြီး ရဲခေါ်ခဲ့ပါသည်။ ရဲများ ရောက် လာပြီး ထွန်းထွန်းအား မေးသည့်အခါ ဘာမှမဖြစ်ကြောင်း ထွန်းထွန်းမှ ပြန်ဖြေကြားခဲ့ပါသည်။ ဖြူဖြူသည် ရဲများနှင့် စကားပြောရန် လွန်စွာကြောက်ရွံ့နေခဲ့ပါသည်။ ရဲများက ဒဏ်ရာဒဏ်ချက် များကို မမြင်သောကြောင့် ထွက်ခွာသွားခဲ့ကြပါသည်။

နောက်တနေ့၌ ဖြူဖြူသည် လမ်းမလျှောက်နိုင်ပေ။ ဖြူဖြူသည် ရက်ပေါင်း ၃၀ လောက် လမ်းမလျှောက်နိုင်ချေ။ ထိုအချိန်အတောအတွင်း၌ သူမသည် ကလေးများအား တတ်နိုင်သလောက် ဂရုစိုက်ခဲ့ပါသည်။ ၁လကြာပြီးနောက်တွင် ဖြူဖြူသည် သူမအား ဆေးခန်းသို့ ခေါ်သွားပေးရန် အိမ်နီးခြင်းအား အကူအညီတောင်းခဲ့ပါသည်။

တရားရေးရာကုစားမှုများနှင့်ဆိုင်သည့် လက်ကမ်း စာစောင် တစ်စောင်ကို ထို ဆေးခန်းမှ ဖြူဖြူ ရရှိခဲ့ပါသည်။ ရှေ့နေနှင့် တရားရေးရာကုစားမှုနေရာမှ သူမအား အောက်ပါ သတင်းအချက်အလက်များ ပေးခဲ့ပါသည်။

**Legal Options**

Phyu Phyu has two possible legal options under civil law or criminal law.

If Phyu Phyu brings a civil case against Tun Tun she has the chance to get compensation for her injuries and maintenance for her and her child. Customary law states that a husband is required to care for his wife and their children. A wife is therefore entitled to maintenance as determined by the income of her husband. However, since Phyu Phyu is working and has an income she may not be entitled to maintenance for herself. In order to obtain compensation for her injuries, Phyu Phyu must prove she was injured and that her injuries were caused by her husband. The standard of proof is "balance of probabilities": she must persuade the court that it is more likely than not that she was injured by her husband. Any civil case involves cost and it would be in her best interests to have an experienced lawyer. This may be very expensive. If Phyu Phyu loses the case, she may furthermore be forced to pay Tun Tun's court costs as well.

Under Myanmar criminal law, Phyu Phyu can report her injuries to the police asking them to charge Tun Tun. If a criminal case is brought, Phyu Phyu can get a financial remedy immediately under section 488 of the Criminal Procedure Code by proving she was injured and that she is married to her husband. However, the amount of this remedy is only 50000 Kyats for wife and children per month. However, if the court further finds that Tun Tun has caused her injuries, she may be able to secure protection for herself and her unborn child. Under Section 320 of the Penal Code, Tun Tun could be found guilty of committing grievous hurt. A person found guilty of this crime could receive imprisonment, or fine, or both.

Under Buddhist Customary Law, "grievous cruelty" is a form of grievous matrimonial fault, which is grounds for divorce and requires the husband to leave the matrimonial home immediately. However, Phyu Phyu can obtain this remedy only if she can persuade the court that she was injured by her husband "beyond a reasonable doubt" – a higher standard of proof than the one applicable in civil proceedings. This option is not as expensive as bringing a civil lawsuit, however, it also depends on whether the police take her complaint seriously. Some women find that the police will investigate their case only if they are paid to do so, raising the cost to Phyu Phyu of obtaining help through the criminal law. Pursuing this option could also anger the community and deprive her of support from family and friends.

**ဥပဒေရေးရာ ရွေးချယ်မှုများ**

ဖြူဖြူ့တွင် တရားမကြောင်းနှင့် ပြစ်မှုကြောင်းဟူ၍ ရွေးချယ် စရာ လမ်းကြောင်း နှစ်ကြောင်း ရှိပါသည်။

အကယ်၍ ဖြူဖြူသည်ထွန်းထွန်းအား တရားမကြောင်းအရ စွဲခဲ့ပါက သူမ ရရှိခဲ့ သည့် ဒဏ်ရာများအတွက် နစ်နာကြေး တောင်းခံခွင့်ရှိပြီး မယားစရိတ်နှင့် ကလေးစရိတ် တောင်းခံခွင့်ရှိပါသည်။ ဓလေ့ထုံးတမ်းဥပဒေတွင် ခင်ပွန်းတစ်ယောက်သည် ၄င်း၏ ဇနီး မယားနှင့် ကလေးများအတွက် စရိတ်ထောက်ပံ့ရန်လိုအပ်ကြောင်း ဖော်ပြထားပါသည်။ မယားစရိတ်သည် ခင်ပွန်းဖြစ်သူ၏ ဝင်ငွေအပေါ်တွင် မူတည်ပြီး သတ်မှတ်လေ့ရှိပါသည်။ သို့သော် ဖြူဖြူသည် ကိုယ်ပိုင်အလုပ်လုပ်နေသူဖြစ်ပြီး

သူမ ကိုယ်ပိုင်ဝင်ငွေ ရှိနေသောကြောင့် မယားစရိတ်တောင်းခံခွင့် မရကောင်း မရနိုင်ပါ။ ဖြူဖြူရရှိခဲ့သည့် ဒဏ်ရာများ အပေါ် နစ်နာကြေးတောင်းခံလိုပါက သူမ ရရှိခဲ့သည့် ဒဏ်ရာများနှင့် ထိုဒဏ်ရာများ သည် သူမယောကျ်ားကြောင့် ဖြစ်ခဲ့ရသည်ကို သက်သေပြရန် လိုအပ်ပါသည်။ ထိုသို့ စံထားပြီး သက်သေပြရမည့်အရာသည် "ဖြစ်နိုင်ခြေရှိသောအရာများ၏ ချိန်ခွင်လျှာပင်" ဖြစ်ပါသည်။ ဆိုလိုသည်မှာ သူမ၏ ဒဏ်ရာများသည် သူမခင်ပွန်းကြောင့် ဖြစ်နိုင် ကြောင်းကို အသားပေးပြီး တရားရုံးတော် သို့ နားဝင်လာအောင် ပြောဆိုရန် ဖြစ်ပါ သည်။ အောက်တွင်ဖော်ပြထားသည့် ပြစ်မှုဆိုင်ရာအမှုများတွင်ကား စံထားရမည့်အရာများသည် လက်တွေ့ကျင့်သုံးရမည့်အရာများထက် နိမ့်ပါးနေကြောင်းကို တွေ့ရှိနိုင်သည်။ တရားမမှုတိုင်းသည် ငွေကုန်ကြေးကျရှိပြီး သူမအကျိုးစီးပွားအတွက် လုပ်ဆောင်ပေးနိုင်သည့် အတွေ့အကြုံရှိသော ရှေ့နေတစ်ဦး လည်း လိုအပ်ပါသည်။ ထိုသို့ ပြုလုပ်ပါက ငွေ အမြောက်အမြားလည်း ကုန်နိုင်ပါသည်။ အကယ်၍များ ဖြူဖြူ ရှုံးနိမ့်ခဲ့လျှင် ထွန်းထွန်း၏ တရားစရိတ်များလည်း သူမ ပေးရကောင်း ပေးရနိုင်ပါသည်။

မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေအရဆိုလျှင် ဖြူဖြူသည် သူမရရှိခဲ့သည့် ဒဏ်ရာများနှင့် ပတ်သက်၍ တိုင်တန်းပြီး ထွန်းထွန်းအား စွဲချက်တင်ပေးရန် ရဲများအား တောင်းဆို ပိုင်ခွင့်ရှိသည်။ အကယ်၍ ပြစ်မှုကြောင်းအရ တရားစွဲဆိုခဲ့လျှင် သူမသည် သူမခင်ပွန်း နှင့် လက်ထပ်ထိမ်းမြားခဲ့သည့်အကြောင်းနှင့် သူမ ဒဏ်ရာရရှိခဲ့ကြောင်းကို သက်သေပြ နိုင်ရုံနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ ငွေကြေးဆိုင်ရာ ကုစားမှုတစ်ရပ် ချက်ချင်းပင် ရရှိနိုင်ကြောင်း ဖော်ပြထားပါသည်။ သို့သော် ဇနီးမယားနှင့် ကလေးတို့ အတွက် ထိုငွေကြေးဆိုင်ရာ ကုစားမှုကြောင့် ရရှိနိုင်မည့် ငွေသည် တလမှ ၅ သောင်းကျပ်သာ ဖြစ်ပါသည်။ သို့သော် အကယ်၍ ထွန်းထွန်းမှ သူမအား ဒဏ်ရာများ ရစေ သည့်အကြောင်းကို တရားရုံးတော်မှ ဖော်ထုတ်နိုင်ခဲ့လျှင် သူမကိုယ်တိုင်နှင့် မမွေးရသေးသော ကလေးငယ်အတွက် လုံခြုံစိတ်ချရသော ကာကွယ်စောင့်ရှောက်မှုကို သူမရနိုင်မည် ဖြစ်ပါသည်။ ရာဇသတ်ကြီး ပုဒ်မ ၃၂၀ အရ ထွန်းထွန်းသည် ပြင်းထန်သော ရက်စက်မှု (လူမဆန်သော ရက်စက်မှု) လုပ်ဆောင်သူဖြစ်သောကြောင့် အပြစ်ရှိသည်ဟု ဖော်ထုတ်နိုင်ပါသည်။ ဤကဲ့သို့သော ပြစ်မှုမျိုးကို ကျူးလွန်သူသည် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်၂ခုလုံးဖြစ်စေ ကျခံရနိုင်ပါသည်။

ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်း ဥပဒေအရ "ပြင်းထန်သောရက်စက်မှု (လူမဆန်သော ရက်စက်မှု)" သည် အိမ်ထောင်ရေးနှင့်ဆိုင်သော မှားယွင်းမှုတစ်ရပ်ဖြစ်ပြီး ထိုသို့ ပြုလုပ်ခြင်းသည် ကွာရှင်းရခြင်း၏ အခြေခံအကြောင်းရင်း တစ်ရပ်ဖြစ်လာကြောင်းနှင့် ထိုသို့ဖြစ်လာပါက ခင်ပွန်းသည် သည် နေထိုင်ရာအိမ်မှ ချက်ချင်းဆင်းသွားပေးရန် လိုအပ်ကြောင်း ဆွေးနွေးထားပါသည်။ သို့သော် ဖြူဖြူ့အတွက် ထိုသို့သော ကုစားမှုမျိုးကို ရရှိနိုင်ရန်မှာ သူမ ရရှိခဲ့သည့် ဒဏ်ရာများသည် သူမခင်ပွန်းကြောင့်သာဖြစ်ကြောင်း ကြောင်းကျိုးဆီလျော်သော သံသယ ဖြစ်မှုတို့ကို ကျော်လွန်ပြီး ရုံးတော်သို့ တင်ပြနိုင်မှသာလျှင် ရရှိနိုင်မည် ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းသည် တရားမကြောင်းအရ လုပ်ဆောင်နိုင်သည်ထက် ပိုမို ခိုင်မာသည့် သက်သေအထောက်အထားတစ်ရပ်ပင် ဖြစ်ပါသည်။ ထို့အပြင် ဤသို့ပြုလုပ်ခြင်းသည် တရားမကြောင်းကဲ့သို့ ငွေကုန်ကြေးကျ မများတော့ပါ။ သို့သော် သူမ၏ တိုင်တန်းချက်များကို ရဲများမှ အရေးတယူ ဆောင်ရွက်ပေးခြင်း ရှိမရှိအပေါ်တွင်လည်း များစွာ မူတည်နေပါသေးသည်။ တချို့သော အမျိုးသမီးများ၏ တွေ့ရှိချက်မှာ ရဲများ သည် ၎င်းတို့အား ပေးထားသည့် အမှုများကိုသာ စုံစမ်းစစ်ဆေးပေးလေ့ ရှိကြောင်းနှင့် အကယ်၍ ထိုသို့ဖြစ်ခဲ့ပါက ဖြူဖြူ့အတွက် ငွေကုန်ကြေးကျများ ရှိလာနိုင်ကြောင်းကိုလည်း သိရှိထားရန် လိုအပ်ပါသည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် လူအများကို စိတ်ဆိုး ဒေါသထွက်စေပြီး မိသားစု နှင့် သူငယ်ချင်းများထံမှ အထောက်အပံ့များကိုလည်း လက်လွတ်ရနိုင်ဖွယ် ရှိပါသည်။

# Module 3.2: Criminal Legal Process and SGBV
# အစီအစဉ် (၃.၂) - ရာဇဝတ်မှုဆိုင်ရာဥပဒေလုပ်ငန်းစဉ်များနှင့် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအကြမ်းဖက်မှုများ

**Purpose of Session:** To explore the criminal legal process as it relates to SGBV.
**အစီအစဉ်၏ ရည်ရွယ်ချက်-** ရာဇဝတ်မှုဆိုင်ရာဥပဒေလုပ်ငန်းစဉ်များကို လေ့လာရန်နှင့် ၎င်းနှင့်စပ်ဆိုင်သည့် လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာအကြမ်းဖက်မှုများကို လေ့လာရန်ဖြစ်ပါသည်။

## Outcomes, Skills and Methodologies
## ရလဒ်များ၊ ကျွမ်းကျင်မှုများနှင့်သင်ကြားရေးနည်းစနစ်များ

| **Outcomes:** | **ရလဒ်များ** |
|---|---|
| As a result of this session participants will be able to:<br>• Explain the process for filing a criminal case.<br>• Analyze criminal options for a rape case.<br>• Identify the powers and duties of the police.<br>• Explain police duties to victims reporting SGBV. | ဤအစီအစဉ်မှသင်တန်းသူ၊သားတို့သည်အောက်ပါတို့ကိုလုပ်ဆောင်နိုင်ပါလိမ့်မည်။<br>• ရာဇဝတ်မှုဆိုင်ရာအမှုတစ်ခု ဖွင့်ရန်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ရှင်းပြနိုင်ပါလိမ့်မည်။<br>• မုဒိမ်းမှုအတွက် ရာဇဝတ်မှုဆိုင်ရာ ရွေးချယ်မှုများကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်လာနိုင်လိမ့်မည်။<br>• ရဲတာဝန်များနှင့် အာဏာများကိုလည်း ဖော်ထုတ်နိုင်မည်။<br>• လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအကြမ်းဖက်ခံရသည့် နစ်နာသူများအပေါ် ထားရှိရမည့် ရဲများ၏ တာဝန်များကိုလည်း ရှင်းပြပေးနိုင်မည်။ |

| **Skills:** | **ကျွမ်းကျင်မှုများ** |
|---|---|
| In this session participants will practice the following skills:<br>• Listening<br>• Persuasion<br>• Analysis<br>• Cooperation | ဤအစီအစဉ်တွင်သင်တန်းသူ၊သားများသည်အောက်ဖော်ပြပါကျွမ်းကျင်မှုများရရှိစေရန်လေ့ကျင့်ကြမည်။<br>• နားထောင်စွမ်းရည်<br>• စည်းရုံးရေးစွမ်းရည်<br>• ခွဲခြမ်းစိတ်ဖြာခြင်းစွမ်းရည်<br>• ပူးပေါင်းဆောင်ရွက်ခြင်းစွမ်းရည် |

| **Methodologies:** | **သင်ကြားရေးနည်းစနစ်များ** |
|---|---|
| In this session participants will practice the following training methodologies:<br>• Ranking<br>• Game<br>• Brainstorming<br>• Document Analysis<br>• Group Discussion<br>• Gallery Walk | ဤအစီအစဉ်တွင်သင်တန်းသူ၊သားများသည်အောက်ဖော်ပြပါသင်ကြားနည်းနည်းပညာများကိုလေ့ကျင့်ကြမည်။<br>• အဆင့်သတ်မှတ်ပေးခြင်း<br>• ကစားခြင်းများ<br>• တီထွင်ကြံဆ တွေးတောခြင်း<br>• စာရွက်စာတမ်းများကိုခွဲခြမ်းစိတ်ဖြာခြင်း<br>• အုပ်စုဖွဲ့ပြီးဆွေးနွေးခြင်း<br>• လှည့်လည်ကြည့်ရှုခြင်း |

## Rule of Law Principles

**တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများ**

| | |
|---|---|
| The following rule of law principles are relevant to this session:<br>• Equality<br>• Non-discrimination<br>• Human rights<br>• Access to Justice<br>• Accountability | ဤအခန်းသည် အောက်ပါ တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများနှင့် စပ်ဆိုင်ပါသည်။<br>• တန်းတူညီမျှရှိခြင်း<br>• ခွဲခြားဆက်ဆံမှုမရှိခြင်း<br>• လူ့အခွင့်အရေးများ |

**Preparation**
**ပြင်ဆင်ပုံ**

| **Materials:** | **သင်ထောက်ကူပစ္စည်းများ၊** |
|---|---|
| For this session you will need:<br>• Coloured stickers<br>• Whiteboard/markers<br>• Flipchart paper<br>• Handout 3.2.2 cut into strips | ဤအစီအစဉ်အတွက်သင်သည်အောက်ပါအရာများကိုလိုအပ်ပါလိမ့်မည်။<br>• ကာလာစတစ်ကာများ<br>• သင်ပုန်း၊ မာကာများ<br>• စာရွက်ဖြူကြီး<br>• ဝေငှစာရွက် ၃.၂.၂ ကို ဖြတ်ထားသည့် စာရွက်များ |

| **Handouts:** | **ဝေငှစာရွက်များ** |
|---|---|
| In this session, participants will use:<br>• Handout 3.2.1 Path of Criminal Process<br>• Handout 3.2.2 Duties of Police<br>• Handout 3.2.3 Reporting a Crime<br>• Handout 3.2.4 Rape Case Scenario | ဤအစီအစဉ်တွင်သင်တန်းသူ၊သင်တန်းသားများသည်အောက်ပါတို့ကိုအသုံးပြုရပါလိမ့်မည်။<br>• ဝေငှစာရွက် ၃.၂.၁ ရာဇဝတ်မှုဆိုင်ရာလမ်းကြောင်း<br>• ဝေငှစာရွက် ၃.၂.၂ ရဲတာဝန်<br>• ဝေငှစာရွက် ၃.၂.၃ ရာဇဝတ်မှုတစ်ခုအတွက် တိုင်ကြားခြင်း<br>• ဝေငှစာရွက် ၃.၂.၄ မဒိမ်းမှု ဇာတ်ညွှန်း |

| **OPEN SESSION** | **(2 mins)** |
|---|---|
| **အဖွင့်အစီအစဉ်** | **(၂ မိနစ်)** |

Write outcomes on flipchart paper and explain them. Discuss other announcements and concerns.
ရလဒ်များကို စာရွက်ကြီးပေါ်တွင်ရေးသားပြီး သင်တန်းသူ၊သားများအား ရှင်းပြပေးပါ။ အခြားကြေငြာချက်များနှင့် သိရှိလိုသောအကြောင်းအရာများကို ဆွေးနွေးပါ။

| **REVIEW** | **(3 mins)** |
|---|---|
| **ပြန်လည်သုံးသပ်ခြင်း** | **(၃ မိနစ်)** |

Remind participants of the differences between civil, criminal, administrative law and ADR. Emphasize that this module will look at criminal law in more detail.
တရားမဥပဒေ၊ရာဇဝတ်မှုဆိုင်ရာဥပဒေ၊စီမံခန့်ခွဲမှုဥပဒေနှင့်အငြင်းပွားမှုများကိုတခြားသောနည်းဖြင့်ဖြေရှင်းခြင်းဆိုင်ရာနည်းလမ်းများ (ADR) အကြောင်းတို့ကိုသင်တန်းသူ၊သားများအား ပြန်ပြောပြပေးပါ။ ထို့နောက်၎င်းတို့၏ ခြားနားချက်များကိုလည်း

ပြန်လည်ရှင်းပြပေးပါ။ ယခုသင်ခန်းစာတွင်ရာဇဝတ်မှုဆိုင်ရာဥပဒေအကြောင်းကို သင်တန်းသူ၊သားများ အသေးစိတ်လေ့လာရမည် ဖြစ်ကြောင်းကိုလည်းပြောပြပေးပါ။

| ACTIVITY 1: PATH OF A CRIMINAL CASE | (20 mins) |
|---|---|
| **လှုပ်ရှားမှု ၁ - ရာဇဝတ်မှုတစ်ခု၏လမ်းကြောင်း** | **(၂၀ မိနစ်)** |

**Purpose of Activity:** Introduce the basic stages of a criminal case in Myanmar
**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** မြန်မာနိုင်ငံရှိ ရာဇဝတ်မှုဆိုင်ရာအမှုတစ်ခု၏ အခြေခံအဆင့်များနှင့် မိတ်ဆက်ပေးရန်။

**Methodology:** Ranking
**သင်ကြားရေးနည်းစနစ် -** အဆင့်သတ်မှတ်ခြင်း

**Handout(s):** 3.2.1: Path of a Criminal Case (cut into strips)
**ဝေငှစာရွက်(များ)** ၃.၂.၁ - ရာဇဝတ်မှုတခု၏လမ်းကြောင်း (စာရွက်များကို အပိုင်းပိုင်း ဖြစ်အောင် ဖြတ်ပေးပါ။)

**Materials:** None
**သင်ထောက်ကူပစ္စည်းများ -** မရှိပါ။

**Instructions**
**ညွှန်ကြားချက်များ**

- Ask and help participants quickly form small groups of less than 5 people.
- သင်တန်းသူ၊ သားများအား တစ်ဖွဲ့လျှင် (၅)ဦးထက် မပိုသော အုပ်စုငယ်များ အလျင်အမြန် ဖွဲ့ခိုင်းပါ။
- Before this activity, separate the steps contained in Handout 3.2.1 and distribute a set containing all the steps to the small groups once they are formed.
- ယခုသင်ခန်းစာမစတင်မီ ဝေငှစာရွက် ၃.၂.၁ တွင် ပါဝင်သည့် အဆင့်များကို အပိုင်းပိုင်းဖြစ်အောင် ဖြတ်ထားပါ။ သင်တန်းသူ၊သားများ လေ့ကျင့်ပြီးသွားသည့်အခါ ထိုအဆင့်များအားလုံးပါဝင်သည့် ဝေငှစာရွက်ကို ဝေမျှပေးပါ။
- Ask each group to arrange the separate steps given to them. (10 mins)
- ပြီးနောက် ထိုဖြတ်ထားသည့် အဆင့်များပါသည့် စာရွက်များကို သင်တန်းသူ၊သားများအား ပေးပြီး ၎င်းတို့ကို အစီစဉ်တကျ ဆက်ခိုင်းပါ။ (၁၀ မိနစ်)
- When the groups have arranged these steps in the order in which occur in a criminal case, ask each group to put their steps up on a white board or a wall so that all participants can look at each group's work and compare it to their own. (2 mins)
- ရာဇဝတ်မှုဆိုင်ရာအမှုတစ်ခုတွင် ပါဝင်သည့် အဆင့်များကိုအုပ်စုများမှ အစီစဉ်တကျ စဉ်ပြီးသည့်အခါ အုပ်စုအချင်းချင်းအကြား လှည့်လည်ကြည့်ရှုခိုင်းပါ။ ထိုသို့ ကြည့်ရှုနိုင်ရန် အစီစဉ်တကျစဉ်ပြီးသည့် စာရွက်များကို သင်ပုန်း (သို့) နံရံပေါ်တွင် ကပ်ခိုင်းပါ။ ပြီးနောက် ၎င်းတို့၏ အစီအစဉ်များနှင့် တခြားသူများ၏ အစီအစဉ်များကို နှိုင်းယှဉ်ခိုင်းပါ။ (၂ မိနစ်)
- Reassemble all participants together to discuss and decide on a final ordering of the steps.

- ထို့နောက် ရာဇဝတ်မှုတစ်ခုတွင် ပါဝင်သည့် အဆင့်များကို အစီအစဉ်အတိုင်းဖြစ်စေရန် စုပေါင်း ဆွေးနွေးကြပါ။
- Ask participants if any important steps are missing from the path of the case? Use this activity to create a "Path of the Case" that is posted on the wall and referred to in later sessions, much the way the principles of rule of law are used. (3 mins)
- အမှု၏လမ်းကြောင်းတွင် ကျန်လပ်နေသည့် အရေးကြီးသည့် အဆင့်များ ရှိမရှိကိုလည်း သင်တန်းသူ၊သားများအား မေးပေးပါ။ အမှု၏လမ်းကြောင်းတစ်ခုကို ရေးဆွဲနိုင်ရန် ယခုလှုပ်ရှားမှုကို အသုံးပြုပေးပါ။ ရေးဆွဲပြီးသည့် အမှု

လမ်းကြောင်းကိုလည်း နံရံပေါ်တွင် (တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများ ကပ်ထားသကဲ့သို့)ကပ်ထားပေးပါ။ ထိုမှသာ နောင်ပြုလုပ်မည့် အစီအစဉ်များတွင် ကိုးကားရနိုင်မည် ဖြစ်ပါသည်။ (၃ မိနစ်)

- Correct Order of the Steps (please note that the detailed steps for cognizable and non-cognizable cases are included in the Notes to Facilitator)
- အမှန်အတိုင်းစဉ်ထားသည့် အဆင့်များ - (ရဲအရေးပိုင်သောအမှု နှင့် ရဲအရေးမပိုင်သောအမှု နှင့်ပတ်သက်၍ အဆင့်တစ်ခုစီ၏အသေးစိတ်အကြောင်းအရာကို သင်တန်းနည်းပြများအတွက် မှတ်စုများတွင် တွေ့နိုင်သည်)

| **Steps အဆင့်များ** |
|---|
| Complainant/survivor files a complaint with the police or the court.<br>တိုင်တန်းသူ/ရှင်သန်လွတ်မြောက်သူက ရဲထံ (သို့) တရားရုံးထံသို့ တိုင်တန်း လျှောက်ထားသည်။ |
| Police investigate or court examines complainant.<br>ရဲမှ စုံစမ်းစစ်ဆေးသည် (သို့) တရားရုံးမှ တိုင်တန်းသူအား စစ်မေးသည်။ |
| The accused is arrested or summonsed to appear before the court.<br>စွပ်စွဲခံရသူအား ဖမ်းဆီးသည် (သို့) တရားရုံး ရှေ့မှောက်သို့ လာရောက်ရန် ဆင့်ခေါ်သည်။ |
| If the offense is bailable, the court may give the accused bail.<br>အာမခံပေးရမည့် ပြစ်မှု ဖြစ်လျှင် တရားရုံးမှ စွပ်စွဲခံရသူအား အာမခံပေးသည်။ |
| Evidence is collected and police complete the search form.<br>သက်သေ စုဆောင်းပြီး ရဲမှ ရှာဖွေပုံစံအား ဖြည့်သည်။ |
| The case is sent to the UAGO Law Officer for advice.<br>UAGO ဥပဒေအရာရှိထံမှ အကြံဉာဏ် တောင်းခံရန်အတွက် အမှုအား ၎င်းထံ ပို့ပေးသည် |
| The police charge the offenses based on advice from the UAGO and take the file to the court. Or the court hears from the prosecution side.<br>UAGOမှ အကြံပြုချက်ပေါ် အခြေခံ၍ ပြစ်မှုများအား ရဲက စွဲချက်တင်ပြီး တရားရုံးသို့ တင်သွင်းသည်။ သို့မဟုတ် တရားရုံးမှ တရားလိုဘက်အား ကြားနာသည်။ |
| If the offense is bailable, the court may give the accused bail.<br>အာမခံပေးရမည့် ပြစ်မှု ဖြစ်လျှင် တရားရုံးမှ စွပ်စွဲခံရသူအား အာမခံပေးသည်။ |
| Trial or hearing.<br>စစ်ဆေး စီရင်ခြင်း (သို့) ကြားနာခြင်း။ |
| The prosecution witnesses are examined.<br>တရားလိုဘက်မှ သက်သေများအား စစ်မေးသည်။ |
| The accused cross-examines the prosecution witnesses.<br>စွပ်စွဲခံရသူရှေ့နေမှ တရားလို သက်သေအား ပြန်လှန်စစ်မေးသည်။ |
| "For Charge" Arguments<br>စွဲချက်တင်သင့်/မတင်သင့် လျှောက်လဲချက်များ |
| If there is sufficient evidence, the court frames the charge. If there is not sufficient evidence, the court dismisses the charge. |

| |
|---|
| သက်သေခိုင်လုံလျှင် တရားရုံးမှ တရားစွဲဆိုပေးသည်။ သက်သေ မခိုင်လုံလျှင် တရားရုံးမှ အမှုကို ရုပ်သိမ်းသည်။ |
| The accused witnesses are examined.<br>စွပ်စွဲခံရသူဘက်မှ သက်သေများအား စစ်ဆေးသည်။ |
| The accused witnesses are cross-examined by the prosecution.<br>စွပ်စွဲခံရသူဘက်မှ သက်သေများအား ဥပဒေအရာရှိမှ ပြန်လှန် စစ်မေးသည်။ |
| Final Argument<br>အပြီးသတ်လျှောက်လဲချက်ပေးသည်။ |
| Decision<br>အမိန့်ချသည်။ |
| Appeal<br>အယူခံဝင်သည်။ |

**Closing activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**
Ask participants to refer back to the case of Phyu Phyu and Tun Tun to answer the following questions:
အောက်ဖော်ပြပါမေးခွန်းများဖြေရန် သင်တန်းသူ၊သားများအား ဖြူဖြူနှင့် ထွန်းထွန်းတို့၏ အမှုကို ပြန် လေ့လာခိုင်းပါ။

- How would Phyu Phyu start the criminal process against Tun Tun?
- ဖြူဖြူသည် ထွန်းထွန်းသို့ စွဲချက်တင်ရန် ရာဇဝတ်မှုလမ်းကြောင်းကို မည်သို့ စတင်သင့်သနည်း။
- What obstacles would Phyu Phyu face in starting the criminal process againt Tun Tun?
- ထွန်းထွန်းသို့ ရာဇဝတ်မှုလမ်းကြောင်းအရ စွဲချက်တင်ရာတွင် မည်သည့်အခက်အခဲများကို ဖြူဖြူ ကြုံတွေ့ရနိုင်သနည်း။
- How could Phyu Phyu overcome these obstacles?
- ထိုအခက်အခဲများကို ဖြူဖြူမည်သို့ ကျော်ဖြတ်နိုင်သနည်း။

**Note to facilitators**
**သင်တန်းနည်းပြများအတွက် မှတ်စုများ**
The criminal process is quite complex. Here is a more detailed breakdown:
ရာဇဝတ်မှုလမ်းကြောင်းသည် အတန်ငယ် ရှုပ်ထွေးပါသည်။ အောက်ပါတို့သည် အသေးစိတ် ရှင်းပြထားချက်များ ဖြစ်ပါသည်။

| **Cognizable Offence**<br>**ရဲအရေးပိုင်သော အမှု** | **Non-Cognizable Offence**<br>**ရဲအရေးမပိုင်သောအမှု** |
|---|---|
| Complainant gives the first information report. Police writes and enters in the book of the first information report. (CrPC 154)<br>တိုင်ကြားသူက ပထမသတင်းပေး တိုင်တန်းချက်ကို ပေးရမည်။ ရဲအရာရှိက စာဖြင့် ပထမသတင်းပေး တိုင်တန်းချက် စာအုပ်ထဲတွင် ရေးမှတ်ထားသည်။ (CrPc 154) | Complainant file complaint with an application to the court. (CrPC 200)<br><br>တိုင်ကြားသူက တရားရုံးသို့ လျှောက်လွှာနှင့်တကွ တိုင်ကြားသည်။ (CrPC 200) |

| | |
|---|---|
| Police investigate people including the complainant and the people (Witnesses) who are related to the case. (CrPC 159, 161)<br>ရဲက တိုင်းကြားသူအပါအဝင် အမှုနှင့် ဆက်စပ်နေသောလူ (သက်သေများ) ကို စုံစမ်းစစ်ဆေးသည်။ (CrPc 159, 161) | The judge examines the complainant. (CrPC 200)<br>တရားသူကြီးမှ တိုင်ကြားသူအား စစ်ဆေးသည်။ (CrPC 200) |
| Police arrests the suspect related to the offence. If the offence is bailable, bail can be given to the suspect. (CrPC 46,54,497)<br>ပြစ်မှု နှင့် စပ်ဆိုင်သော သံသယရှိသူအား ရဲက ဖမ်းသည်။ ပြစ်မှုက အာမခံရလျှင် သံသယ ရှိသူအား အာမခံ ပေးနိုင်သည်။ (CrPc 46,54,497) | The judge gives the issue of the process to the accused. (CrPC 204)<br>စွပ်စွဲခံရသူ တရားခံအား တရားသူကြီး ရှေ့မှောက်သို့ ခေါ်ဆောင်လာနိုင်ရန်အတွက် တရားသူကြီးမှ အမိန့်စာထုတ်သည်။ (CrPC 204) |
| If the offence is non-bailable, the accused needs to be taken to remand legally within 24 hours in front of the judge at the nearest court. (CrPC 46,54,61)<br>ပြစ်မှုက အာမခံမပေးနိုင်သော အမှုဖြစ်လျှင် အနီးဆုံး တရားရုံး၌ တရားသူကြီး ရှေ့မှောက်တွင် ၂၄နာရီ အတွင်း တရားဝင် ချုပ်မိန့် ရယူရန်လိုအပ်သည်။ (CrPc 46,54,61) | The accused arrives in front of the court and if the offence is bailable, the accused can be given the bail (CrPC 497)<br>အာမခံပေးနိုင်သော ပြစ်မှုတစ်စုံတစ်ရာဖြင့် စွပ်စွဲခံရသူ တရားခံသည် တရားရုံး၏ ရှေ့မှောက်သို့ ရောက်လာသောအခါ ၎င်းအား အာမခံဖြင့် လွှတ်ပေးနိုင်သည်။ (CrPC 497) |
| Police seize the related evidence systematically with the search form. (CrPC 102,103)<br>ရဲက ဆက်စပ်မှုရှိသည့် သက်သေခံများအား ရှာဖွေပုံစံနှင့်အတူ စနစ်တကျ သိမ်းယူသည်။ (CrpC 102, 103) | When a judge issues a summons, he may, if he sees reason to do, dispense with the personal attendance of the accused, and permit him to appear by his pleader. (CrPC 205 (1))<br>တရားသူကြီးတစ်ယောက်သည် သမ္မန်စာ ထုတ်ဆင့်သည့် အခါတိုင်း စွပ်စွဲခံရသူတို့ကိုယ်တိုင် လာရောက်ခြင်းမှ ကင်းလွတ်စေရန် ခွင့်ပြုသင့်သည်ဟု ထင်မြင်လျှင် ထိုသို့ ခွင့်ပြုပြီး ၎င်း၏ ရှေ့နေကိုသာ ရောက်စေရန် ခွင့်ပြုနိုင်သည်။ (CrPC 205 (1)) |
| Police ask the legal advice to the law office at the pre-trial stage. (UAGO Law 36 b)<br>စစ်ဆေးစီရင်ခြင်း မပြုလုပ်သေးခင် ရဲက ဥပဒေအရာရှိထံမှ ဥပဒေဆိုင်ရာ အကြံဉာဏ်များ မေးသည်။ (UAGO Law 36b) | It shall examine including the prosecution and the prosecution witnesses.<br>စွဲချက်တင်ခြင်း အပါအဝင် တရားလိုပြ သက်သေကိုပါ စစ်ဆေးရမည်။ |
| Police construct the offence firmly based on the advice of the related law office. Accordance with the law office's advice, file is sent to the court. (CrPC 170)<br>ရဲက သက်ဆိုင်ရာ ဥပဒေရုံးက ပေးသည့် အကြံပေးချက်ပေါ်မူတည်၍ ပြစ်မှုအား ခိုင်မာအောင်တည်ဆောက်သည်။ ဥပဒေဆိုင်ရာရုံး၏ အကြံပေးချက်အရ အမှုအား တရားရုံးသို့ တင်သွင်းသည်။ (CrPC 170) | In accordance with the witness statement, the court will charge to the accused person with the relevant section. (CrPC 221,254)<br>သက်သေထွက်ဆိုချက်အရ တရားရုံးတော်မှ စွပ်စွဲခံရသူ (တရားခံ) အား သင့်လျော်သော ပုဒ်မနှင့် စွဲချက်တင်လိမ့် မည်။ (CrPC 221, 254) |
| If the offence is bailable, the accused can be given bail. (CrPC 497) | If the accused admit to the charge, the judge can sentence him with the charge's section. (CrPC 258 (2)) |

| | |
|---|---|
| ပြစ်မှုက အာမခံပေးနိုင်သော အမှုဖြစ်လျှင် စွပ်စွဲခံရသူအား အာမခံပေးရန် လုပ်ဆောင်ရမည်။ (CrPC 497) | စွပ်စွဲခံရသူ (တရားခံ) က စွဲဆိုချက်အားဝန်ခံလျှင် တရားသူကြီး မှ စွဲချက်တင်ထားသည့် ပုဒ်မနှင့် ၎င်းအား အပြစ်ဒဏ် ပေးနိုင်သည်။ (CrPC 258(2)) |
| If the offence is non-bailable, the accused can be detained in accordance with the law.<br><br>ဥပဒေအရ ပြစ်မှုက အာမခံပေး၍ မရသော အမှုဖြစ်လျှင် ခုခံပိုင်ခွင့်နှင့်အတူ ဖမ်းဆီးချုပ်နှောင် ထိန်းသိမ်း ထားနိုင်ပါသည်။ | If the statements of the prosecution and the prosecution witness are not firmly to present it's evidence, the accused can be discharged before the charge. (CrPC 253 (1))<br>အဆိုပါ တရားစွဲဆိုမှု ထုတ်ပြန်ချက်များနှင့် တရားလိုပြသက်သေများသည် သက်သေ အခိုင်အမာ မပြနိုင်လျှင် စွပ်စွဲခံရသည့် တရားခံအား စွဲချက် မတင်မီ လွှတ်နိုင်သည်။ (CrPC 253(1)) |
| If examination of witness is necessary, it needs to summon to the witnesses.<br><br>သက်သေအား စစ်ဆေးရန် လိုအပ်လျှင် ဆင့်ခေါ်စာ ပေးပို့ရန် လိုအပ်ပါသည်။ | If the accused denies the charge, the witness can be recalled for examination according to the wish to the accused. (CrPC- 256)<br>အကယ်၍ စွပ်စွဲခံရသည့် တရားခံက ငြင်းဆိုလျှင် ၎င်း၏ ဆန္ဒရှိလျှင် တရားလိုပြ သက်သေအား ပြန်လည်စစ်ဆေး ရန် ခေါ်ပေးရမည်။ (CrPC – 256) |
| It shall examine including the prosecution and the prosecution witness.<br>စွဲချက်တင်ခြင်း အပါအဝင် တရားလိုပြသက်သေများကိုပါ စစ်ဆေးရမည်။ | If the accused does not have the wish to recall the witness, the witness does not need to be recalled.<br>စွပ်စွဲခံရသည့် တရားခံက သက်သေအား ပြန်လည်စစ် ဆေးရန် ဆန္ဒမရှိပါက သက်သေအား ပြန်လည် ဆင့်ခေါ် ပေးရန် မလိုပါ။ |
| In accordance with the witness statement, the court will charge to the accused person with the relevant section. (CrPC 221,254)<br>သက်သေထွက်ဆိုချက်အရ တရားရုံးတော်မှ စွပ်စွဲခံရသူ (တရားခံ)အား သင့်လျော်သော ပုဒ်မနှင့် စွဲချက်တင်လိမ့်မည်။ (CrPC 221, 254) | If the accused has the wish to be examined whether as a witness or as a defendant, the accused shall be examined according to their wish. (CrPC 289,290)<br>စွပ်စွဲခံရသူ တရားခံက မိမိအတွက် ကိုယ်တိုင်သက်သေ အဖြစ် သက်သေခံချက်ပေးရန် ဆန္ဒရှိလျှင် ၎င်းတရားခံ၏ဆန္ဒအရ စစ်ဆေးနိုင်သည်။ (CrPC 289, 290) |
| If the accused admits the charge, the judge can sentence him with the charge's section. (CrPC 255 (2))<br>စွပ်စွဲခံရသူ (တရားခံ)က စွဲဆိုချက်အား ဝန်ခံလျှင် တရားသူကြီးမှ စွဲချက်တင်ထားသည့် ပုဒ်မနှင့် ၎င်းအား အပြစ်ဒဏ် ပေးနိုင်သည်။ (CrPC 255(2)) | If the accused has a witness, the accused's witness shall be examined. (CrPC 291)<br><br>စွပ်စွဲခံရသူ တရားခံ၌ ထွက်ဆိုပေးရန် သက်သေရှိလျှင် ထို တရားခံသက်သေအား စစ်မေးရမည်။ (CrPC 291) |
| If the statements of the prosecution and the prosecution witness do not provide sufficient evidence of the charge, the accused can be discharged before the charge. (CrPC 253 (1))<br>အဆိုပါ တရားစွဲဆိုမှု ထုတ်ပြန်ချက်များ နှင့် တရားလိုပြ သက်သေများသည် သက်သေ အခိုင်အမာ မပြနိုင်လျှင် စွပ်စွဲခံရသည့် တရားခံအား စွဲချက် မတင်မီ လွှတ်နိုင်သည်။ (CrPC 253(1)) | The court shall summon and re-examine or recall and re-examine any such person if his evidence appears to be essential to the just decision of the case.<br><br>ထိုအမှု အပေါ်တွင် တရားမျှတသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ၎င်း၏ သက်သေခံချက်သည် မရှိမဖြစ်လိုအပ် နေလျှင် ထိုကဲ့သို့သော ပုဂ္ဂိုလ်အား ပြန်လည် စစ်မေးရန် တရားရုံးမှ ဆင့်ခေါ်စာ ပို့ (သို့) ပြန်လည် ခေါ်ဆိုရမည်။ |
| If the accused denies the charge, the accused can recall the witness to be examined. (CrPC- 256) | Both the accused and the prosecution present the final argument to the court. |

| | |
|---|---|
| အကယ်၍ စွပ်စွဲခံရသည့် တရားခံက ငြင်းဆိုလျှင် ၎င်း၏ ဆန္ဒရှိလျှင် တရားလိုပြ သက်သေအား ပြန်လည်စစ်ဆေးရန် ခေါ်ပေးရမည်။ (CrPC – 256) | စွပ်စွဲခံရသူ တရားခံ နှင့် စွဲချက်တင်သည့် တရားလို နှစ်ဖက်စလုံးသည် တရားရုံးသို့ နောက်ဆုံး လျှောက်လဲ ချက် ပေးရသည်။ |
| If the accused does not recall the witness, the witness does not have to be recalled.<br><br>စွပ်စွဲခံရသည့် တရားခံက သက်သေအား ပြန်လည်စစ်ဆေးရန် ဆန္ဒမရှိပါက သက်သေအား ပြန်လည် ဆင့်ခေါ် ပေးရန် မလိုပါ။ | If a charge has been framed and the judge finds the accused not guilty, the judge shall record an order of acquittal. (CrPC 258 (1))<br>စွဲချက်တင်ပြီးဖြစ်သည့် မည်သည့် အမှုတွင်မဆို စွပ်စွဲခံရသူ တရားခံ၌ အပြစ်မရှိကြောင်း တရားသူကြီးက တွေ့ရှိလျှင် ၎င်းတရားခံအား အမှုမှ အပြီးအပြတ် လွှတ်သည့် အမိန့်ကို ရေးသားချမှတ်ရမည်။ (CrPC 258 (1)) |
| If the accused desires to give evidence on his own behalf or as a witness, the accused shall be examined according to the accused desirer. (CrPC 289,290)<br>စွပ်စွဲခံရသူ တရားခံက မိမိအတွက် ကိုယ်တိုင်သက်သေ အဖြစ် သက်သေခံချက် ပေးရန် ဆန္ဒရှိလျှင် ၎င်းတရားခံ၏ ဆန္ဒအရ စစ်ဆေးနိုင်သည်။ (CrPC 289, 290) | If a charge has been framed and the judge finds the accused guilty, the judge shall pass sentence upon him according to the law.<br><br>စွဲချက်တင်ပြီးဖြစ်သည့် မည်သည့် အမှုတွင်မဆို စွပ်စွဲခံရသူ တရားခံ၌ အပြစ်ရှိကြောင်း တရားသူကြီးက တွေ့ရှိလျှင် တရားခံအား ဥပဒေအရ အပြစ်ပေးရမည်။ |
| If the accused has a witness, the accused witness shall be examined. (CrPC 291)<br><br>စွပ်စွဲခံရသူ တရားခံ၌ ထွက်ဆိုပေးရန် သက်သေရှိလျှင် ထိုတရားခံသက်သေအား စစ်မေးရမည်။ (CrPC 291) | If the accused side or the prosecution side are not satisfied with the judge decision, they can apply for appeal or revision. (CrPC 417,418,439)<br>စွပ်စွဲခံရသူ တရားခံဘက်မှ ဖြစ်စေ(သို့) စွဲချက်တင်သည့် တရားလိုဘက်မှ ဖြစ်စေ တရားသူကြီး၏ အမိန့်အား ကျေနပ်မှုမရှိလျှင် အယူခံဝင်နိုင် (သို့) ပြန်လည် စီစစ်ပေးရန် တောင်းဆိုနိုင်သည်။ (CrPC 417, 418, 439) |
| The court shall summon and re-examine or recall and re-examine any such person if his evidence appears to be essential to the just decision of the case.<br>ထိုအမှု အပေါ်တွင် တရားမျှတသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ၎င်း၏ သက်သေခံချက်သည် မရှိမဖြစ်လိုအပ်နေလျှင် ထိုကဲ့သို့သော ပုဂ္ဂိုလ်အား ပြန်လည် စစ်မေးရန် တရားရုံးမှ ဆင့်ခေါ်စာ ပို့ (သို့) ပြန်လည် ခေါ်ဆိုရမည်။ | |
| Both the accused and the prosecution present the final argument to the court.<br>စွပ်စွဲခံရသူ တရားခံ နှင့် စွဲချက်တင်သည့် တရားလို နှစ်ဖက်စလုံးသည် တရားရုံးသို့ နောက်ဆုံး လျှောက်လဲ ချက် ပေးရသည်။ | |
| If a charge has been framed and the judge finds the accused not guilty, the judge shall record an order of acquittal. (CrPC 258 (1))<br>စွဲချက်တင်ပြီးဖြစ်သည့် မည်သည့် အမှုတွင်မဆို စွပ်စွဲခံရသူ တရားခံ၌ အပြစ်မရှိကြောင်း တရားသူကြီးက တွေ့ရှိလျှင် ၎င်းတရားခံအား အမှုမှ အပြီးအပြတ် လွှတ်သည့် အမိန့်ကို ရေးသားချမှတ်ရမည်။ (CrPC 258 (1)) | |

| | |
|---|---|
| If a charge has been framed and the judge finds the accused guilty, the judge shall pass sentence upon him according to the law.<br>စွဲချက်တင်ပြီးဖြစ်သည့် မည်သည့် အမှုတွင်မဆို စွပ်စွဲခံရသူ တရားခံ၌ အပြစ်ရှိကြောင်း တရားသူကြီးက တွေ့ရှိလျှင် တရားခံအား ဥပဒေအရ အပြစ်ပေးရမည်။ | |
| If the accused side or the prosecution side are not satisfied with the judge's decision, they apply for appeal or revision. (CrPC 417,418,439)<br>စွပ်စွဲခံရသူ တရားခံဘက်မှ ဖြစ်စေ(သို့) စွဲချက်တင်သည့် တရားလိုဘက်မှ ဖြစ်စေ တရားသူကြီး၏ အမိန့်အား ကျေနပ်မှုမရှိလျှင် အယူခံဝင်နိုင် (သို့) ပြန်လည် စီစစ်ပေးရန် တောင်းဆိုနိုင်သည်။ (CrPC 417, 418, 439) | |

| **ACTIVITY 2: DUTIES AND POWERS OF THE POLICE** | **(20 mins)** |
|---|---|
| **လှုပ်ရှားမှု ၂ - ရဲ၏ လုပ်ငန်းတာဝန်များ နှင့် အခွင့်အာဏာများ** | **(၂၀ မိနစ်)** |
| **Purpose of the Activity:** The purpose of this activity is to learn the powers and duties of a police officer as they relate to every day realities.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - ဤသင်ခန်းစာ၏ ရည်ရွယ်ချက်မှာ ပြည်သူများ၏ နေ့စဉ် ပကတိဖြစ်ရပ် များသည် ရဲအရာရှိတစ်ဦး၏ အာဏာနှင့် တာဝန်များနှင့် ဆက်စပ်မှုရှိသည်ကို ဆွေးနွေးရန်ဖြစ်သည်။<br><br>**Methodology:** Brainstorm, document analysis<br>**သင်ကြားရေးနည်းစနစ်** - ကြိုတင်ကြံဆ စဉ်းစားခြင်း၊ စာရွက်စာတမ်းများကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း<br><br>**Handouts**: 3.2.2: Police Duties and Powers<br>**ဝေငှစာရွက်များ** - ၃.၂.၂ - ရဲလုပ်ငန်းတာဝန်များနှင့် အခွင့်အာဏာများ<br><br>**Materials:** None<br>**သင်ထောက်ကူပစ္စည်းများ** - မရှိပါ။ | |

**Instructions**

**ညွှန်ကြားချက်များ**

- On the board, or flipchart, create two columns. Write "Powers" on top of the left column and "Duties" on top of the right column.
- သင်ပုန်းပေါ်တွင် ဇယားကွက်နှစ်ခုပြုလုပ်ပြီး လက်ဝဲဘက်တွင် (အခွင့်အာဏာ) နှင့် လက်ယာဘက်တွင် (တာဝန်) ဟုရေးပါ။
    - Ask participants what the powers of the police are? Write the answers in the left column.
    - သင်တန်းသားများအား ရဲ၏ အခွင့်အာဏာဆိုသည်မှာ အဘယ်နည်းဟု မေးပြီး အဖြေကို လက်ဝဲဘက် ဇယားတွင် ရေးပါ။
    - Next, ask participants what the duties of the police are? Write the answers in the right column.
    - သင်တန်းသားများအား ရဲ၏ (တာဝန်)ဆိုသည်မှာ အဘယ်နည်းဟု မေးပြီး အဖြေကို လက်ယာဘက် ဇယားတွင် ရေးပါ။
- What are the differences and the similarities regarding police powers and duties? (5 mins)
- ရဲ၏ အခွင့်အာဏာများနှင့် တာဝန်များနှင့် ပတ်သက်ပြီး ကွာခြားချက်၊ တူညီချက်များသည် အဘယ်နည်း။ (၅ မိနစ်)

**Notes to facilitators**

Duties include the responsibilities or job requirements of police; such as to protect all members of the public equally regardless of who they are; receive and investigate complaints from victims of crime; to treat victims of crime and their families humanely; to investigate, evidence gather and arrest potential perpetrators of crime; investigate crime where ever they are aware of its occurrence regardless of who is implicated; and to act fairly, transparently and in an accountable way towards the public. Powers are the tools that police use to execute their duties, such as "search, seize detain, arrest, investigate, etc."

**သင်တန်းနည်းပြများအတွက် မှတ်စုများ**

တာဝန်များတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးအနေဖြင့် လုပ်ဆောင်ပေးသင့်သည့် တာဝန်များနှင့် ၄င်းအား အပ်နှင်းထားသည့် လုပ်ငန်းတာဝန်အရ လုပ်ဆောင်ပေးသင့်သည့် တာဝန်များဟူပြီး နှစ်မျိုးပါဝင်ပါသည်။ ထိုအရာများမှာ - အများပြည်သူများကို ၄င်းတို့မည်သူဖြစ်သည်ကို မကြည့်ဘဲ တန်းတူညီမျှ ကာကွယ်ရန်၊ နစ်နာသူထံမှ တိုင်တန်းမှုများကို စုံစမ်းစစ်ဆေးရန်နှင့် လက်ခံရန်၊ နစ်နာသူနှင့် ၄င်း၏ မိသားစုကို လူသားဆန်စွာ ပြုမူဆက်ဆံရန်၊စုစည်းထားသော သက်သေအထောက်အထားများကို စုံစမ်းစစ်ဆေးရန် နှင့် ပြစ်လွန်ကျူးလွန်တတ်သူများကို ဖမ်းဆီးရန်၊ မည်သူပါဝင်ပတ်သက်သည်ကို ဂရုမထားပဲ အမှုဖြစ်စဉ်အတွက် သတိမူမိသည့် မည်သည့်နေရာကိုမဆို စုံစမ်းစစ်ဆေးရန်၊ မျှတစွာ၊ ပွင့်လင်းမြင်သာစွာ ပြုမူဆောင်ရွက်ရန် နှင့် အများပြည်သူသို့ တာဝန်ခံနိုင်စွမ်းရှိရန်တို့ ဖြစ်ပါသည်။ အာဏာများသည် ရဲများ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းစသည့် မိမိတို့၏ တာဝန်များကို ဆောင်ရွက်ရန် အသုံးပြုသည့်အရာများဖြစ်သည်။ ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေကို မြန်မာနိုင်ငံအနှံ့တွင် ကျင့်သုံး၍ မရပါ။ ရန်ကုန်မြို့တွင်မူ ရန်ကုန် ရဲအက်ဥပဒေကို အသုံးချရမည် ဖြစ်ပြီး ကယားပြည်နယ်တွင်မူ ကယားရဲအက်ဥပဒေကို အသုံးချရမည် ဖြစ်ပါသည်။

- Now, ask and help participants quickly form pairs, suggesting that they work with who they are sitting closest to. Distribute Handout 3.2.2, to all participants. Give participants time to review this handout and discuss it with their pair partner. (5 minutes)
- Then, ask participant pairs the following questions, seeking to elicit knowledge from their experiences and opinions:
  - What are society's perceptions of how Myanmar police exercise their power?
  - Do they generally exercise their power lawfully? Or unlawfully? What examples can participants share?
  - What are society's perceptions of how the police exercise their duties as they are presented in the hand-out? What examples can participants share?
  - Refer back to board lists for comparisons and examples of participant responses. (5 mins)
- သင်တန်းသူ၊သားများအား မိမိတို့ဘေးတွင် ထိုင်နေသူများနှင့် ၂ ယောက်တတွဲအုပ်စုများ အမြန်ဖွဲ့ခိုင်းပါ။ ဝေ‌ငှ စာရွက် ၃.၂.၂ ကို ဝေပေးပါ။ ထိုဝေ‌ငှစာရွက်ကို ဖတ်ခိုင်းပြီး ၄င်းတို့အုပ်စုအတွင်းတွင် ဆွေးနွေးခိုင်းပါ။ (၅ မိနစ်)
- ပြီးနောက် အောက်ဖော်ပြပါမေးခွန်းများ မေးပြီး ၄င်းတို့၏ အမြင်များကို ရယူပါ။
  - မြန်မာရဲတပ်ဖွဲ့ဝင်များ၏ အာဏာသုံးစွဲပုံနှင့် ပတ်သက်ပြီး မြန်မာပြည်သူလူထု၏ အမြင်မှာ အဘယ်နည်း။
  - ၄င်းတို့၏အာဏာများကို ဥပဒေအရ (သို့) ဥပဒေအရ မဟုတ်ဘဲ ကျင့်သုံးနေပါသလား။ သင်တန်းသူ၊ သားများ၏ အတွေ့အကြုံများကို ဝေမျှပေးခိုင်းပါ။
  - ဝေ‌ငှစာရွက်ထဲတွင် ဖော်ပြထားသည့် ရဲများ၏ တာဝန်များနှင့် လက်တွေ့ဘဝတွင် ရဲများ ကျင့်သုံးနေ သည့် တာဝန်များအပေါ် အများပြည်သူတို့က မည်သို့ မြင်သနည်း။ သင်တန်းသူ၊သားများ၏ အတွေ့ အကြုံ၊ အမြင်များကို ပြောပြပေးခိုင်းပါ။
  - သင်တန်းသူ၊သားများ၏ တုံ့ပြန်ချက်များနှင့် နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်ရန် သင်ပုန်းပေါ်ရှိ ဇယားများကို ပြန်လည်အသုံးပြုပေးပါ။ (၅ မိနစ်)

**Closing Activity (5 mins)**

**အပိတ်လှုပ်ရှားမှု ( ၅ မိနစ်)**

Ask participants to connect the rule of law principles to the duties of the police in Handout 3.2.2 Ask as many volunteers as possible to connect a principle with a duty and explain the connection.

ဝေစုစာရွက် ၃.၂.၂ တွင် ပါဝင်သည့် ရဲများ၏တာဝန်များနှင့် တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများကို ချိတ်ဆက်ခိုင်းပါ။ သင်တန်းသူ၊သား အများစုအား ချိတ်ဆက်စေပြီး အဘယ်ကြောင့် ချိတ်ဆက်ကြောင်းကို လည်း ရှင်းပြခိုင်းပါ။

| ACTIVITY 3: REPORTING A CRIME BY FEMALE VICTIMS | (20 mins) |
|---|---|
| **လှုပ်ရှားမှု ၃ - နစ်နာသူအမျိုးသမီးတစ်ဦးမှ ပြစ်မှုတစ်ခုကို တင်ပြခြင်း** | **(၂၀ မိနစ်)** |
| **Purpose of Activity:** To emphasize that rule of law principles apply not just to the accused but also to victims.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများသည် စွပ်စွဲခံရသူအတွက်သာမဟုတ်ပဲ နစ်နာသူအတွက်ပါ ကျင့်သုံး၍ ရသည်ကို သိရှိစေရန် ဖြစ်ပါသည်။<br><br>**Methodology:** Small group and gallery walk<br>**သင်ကြားရေးနည်းစနစ် -** အဖွဲ့ငယ်အတွင်း ဆွေးနွေးခြင်း၊ လှည့်လည်ကြည့်ရှုခြင်း<br><br>**Handout(s)** 3.2.3 Reporting a Crime<br>**ဝေစုစာရွက် (များ)** ၃.၂.၃ - ရာဇဝတ်မှုတစ်ခုအတွက် တိုင်ကြားခြင်း<br><br>**Materials:** Flipchart paper and markers<br>**သင်ထောက်ကူပစ္စည်းများ -** စာရွက်ဖြူကြီးနှင့် မာကာဘောပင်များ | |

**Instructions**

**ညွှန်ကြားချက်များ**

**Creation of New Regulations (15 mins)**

**လုပ်ထုံးလုပ်နည်း/ စည်းမျဉ်းအသစ်များ ရေးဆွဲခြင်း (၁၅ မိနစ်)**

- Ask participants to form eight groups.
- သင်တန်းသူ၊သားများအား အဖွဲ့ (၈)ဖွဲ့ ဖွဲ့ခိုင်းပါ။
- Distribute a copy of the scenario contained in Handout 3.2.3 to each participant.
- သင်တန်းသူ၊သားတစ်ဦးစီအား ဝေငှစာရွက် ၃.၂.၃ တွင် ပါဝင်သည့် ဇာတ်ညွှန်းကိုပေးပါ။
- Ask each small group to create 2 new rules governing police interaction with female crime victims.
- ထို့နောက် အဖွဲ့တစ်ဖွဲ့စီအား ရဲများမှ နစ်နာသူအမျိုးသမီးများအား ဆက်ဆံသင့်သည့် စည်းမျဉ်းစည်းကမ်း အသစ် (၂) ခုစီကို စာရင်းပြုစုခိုင်းပါ။
- After 10 minutes, ask each group to present one of the rules (participant must not repeat a rule that has already been presented).
- အဖွဲ့တွင်း၌ (၁၀) မိနစ်ခန့် ဆွေးနွေးပြီးသောအခါ တစ်ဖွဲ့စီမှ စည်းမျဉ်းစည်းကမ်း တစ်ခုကို တင်ပြရမည်။ ( အခြားအဖွဲ့မှ တင်ပြပြီးသော စည်းမျဉ်းစည်းကမ်းများကို ထပ်မံတင်ပြခြင်းမပြုရပါ)
- After each group has presented their rules, the facilitator will ask the group if there are any additional rules they would like to add.
- အဖွဲ့အားလုံးတင်ပြပြီးပါက သင်တန်းနည်းပြမှ သင်တန်းသူ၊သားများကို ထပ်မံထည့်သွင်းလိုသော စည်းမျဉ်းစည်းကမ်းရှိပါက တင်ပြရန် အချိန်ပေးပါ။

**Review and Comparison (10 mins)**
**ပြန်လည်ဆန်းစစ်ခြင်းနှင့် နှိုင်းယှဉ်ခြင်း။ (၅ မိနစ်)**

- In closing, ask participants the following questions:
- အပိတ်တွင် အောက်ပါမေးခွန်းများကို မေးပါ။
    - Which rule or suggestion do you think is the most important? And why?
    - စာရင်းပြုစုထားသော စည်းမျဉ်းများ မည်သည့်စည်းမျဉ်းစည်းကမ်းသည် အရေးအကြီးဆုံးဟု ထင်ပါသလဲ။ အဘယ်ကြောင့်နည်း။
    - What rule of law principles did you see considered in the new rules or suggestions?
    - အသစ်ရေးဆွဲထားသော စည်းမျဉ်းများ (သို့) အကြံပြုချက်များတွင် မည်သည့် တရားဥပဒေ စိုးမိုးရေး မူဝါဒများကို တွေ့ရှိပါသနည်း။

| **ACTIVITY 4 : CHOOSING A PATHWAY TO JUSTICE FOR RAPE** | **(20 mins)** |
|---|---|
| **လုပ်ရှားမှု ၄ - မုဒိမ်းမှုအတွက် တရားမျှတမှု လမ်းကြောင်း ရွေးချယ်ခြင်း** | **(၂၀ မိနစ်)** |
| **Purpose of Activity:**To analyze the challenges of using the criminal justice system in a rape case.<br>**လုပ်ရှားမှု၏ ရည်ရွယ်ချက် -** မုဒိမ်းမှုတခု၌ ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုစနစ် အသုံးပြုမှု၏ စိန်ခေါ်ချက်များကို ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ခြင်း<br><br>**Methodology:** Group Discussion<br>**သင်ကြားရေးနည်းစနစ် -** အုပ်စုတွင်း ဆွေးနွေးခြင်း<br><br>**Handout(s)** 3.2.4 Rape Case Scenario<br>**ဝေငှစာရွက် (များ)** ၃.၂.၄ - မုဒိမ်းမှု ဖြစ်ရပ် ဇာတ်ညွှန်း<br><br>**Materials:** None<br>**သင်ထောက်ကူပစ္စည်းများ -** မရှိပါ။ | |

**Instructions**
**ညွှန်ကြားချက်များ**

- Ask participants to remember the case of Khin Khin who was from a small village in Shan State. Recall that her case was resolved by the village elder.
- သင်တန်းသူ/သားများအား ရှမ်းပြည်နယ်ရှိ ကျေးရွာငယ် တစ်ရွာမှ ခင်ခင်ဆိုသော မိန်းကလေး၏ အမှုအား ပြန်လည်အမှတ်ရကြရန် ပြောပါ။ သူမ၏ အမှုအား ရွာလူကြီးမှ ဖြေရှင်းခဲ့ပုံကို ပြန်လည် အမှတ်ရစေပါ။
- Now tell participants that they are going to imagine that Khin Khin has the choice to seek justice through the formal criminal justice system.
- သင်တန်းသူ/သားများအား ခင်ခင်မှာ ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုစနစ်တဆင့် တရားမျှတမှုကို ရှာဖွေရန် အခွင့်ရှိသည်ဟု တွေးတောစေပါ။
- Divide participants into small groups. Give each participant Handout 3.2.4.
- အုပ်စုငယ်များ ဖွဲ့ပါ။ ဝေငှစာရွက် ၃.၂.၄ အား တယောက်ချင်းစီကို ဝေပါ။
- Ask participants to read the case and decide the best choice for Khin Khin. (10 mins)
- ဝေငှစာရွက်အား ဖတ်စေပါ။ ပြီးလျှင် ခင်ခင့်အတွက် အကောင်းဆုံး ရွေးချယ်မှုအား ဆုံးဖြတ်ပေးပါ။ (၁၀ မိနစ်)
- Ask participants to present their choice and explain why. (5 minutes total).
- သင်တန်းသူ/သားများအား ၎င်းတို့၏ ရွေးချယ်မှု နှင့် ဘာကြောင့် ဤကဲ့သို့ ရွေးသည်ကို တင်ပြစေပါ။ (စုစုပေါင်း ၅ မိနစ်)

**Closing activity**
**အပိတ်လှုပ်ရှားမှု**

Ask participants the following:
အောက်ပါမေးခွန်းများ မေးပါ။

- Was it easier to choose for Khin Khin than it was for Phyu Phyu (domestic violence case)? Why or why not?
- ဖြူဖြူ (အိမ်တွင်းအကြမ်းဖက်မှု) ၏ အမှုထက် ခင်ခင်၏ အမှုက ရွေးချယ်ဖို့ ပိုလွယ်မလား။  ဘာကြောင့်ပါလဲ။
- What factors did you value the most when making your choice?
- ရွေးချယ်မှု ပြုလုပ်သောအခါ သင်သည် ဘယ်အချက်များကို တန်ဖိုးအထားဆုံး ဖြစ်ပါသလဲ။
- What do you see as the biggest obstacles for Khin Khin in the formal justice system?
- ရုံးဆန်သော သမာရိုးကျ တရားမျှတမှု စနစ်တွင် ခင်ခင့်အတွက် အကြီးမားဆုံးသော အတားအဆီးများမှာ အဘယ်နည်း။

| **SUMMARY AND EVALUATION** | **(5 mins)** |
|---|---|
| **အကျဉ်းချုပ်ခြင်းနှင့် သုံးသပ်ရန်** | **(5 မိနစ်)** |

Ask participants the following questions:
သင်တန်းသူ၊သားများအား အောက်ပါတို့ကို မေးပါ။

- How does the Myanmar criminal justice system treat cases of SGBV?
- မြန်မာ့ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်သည် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာ အကြမ်းဖက်မှုများအပေါ် မည်သို့ လုပ်ဆောင်ပေးနေပါသနည်း။
- What improvements can be made to the criminal justice system in Myanmar to better address crimes of SGBV?
- မြန်မာ့ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေးစနစ်တွင် လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာ အကြမ်းဖက်မှုများကို ပိုမိုဖြေရှင်းပေးနိုင်ရန်အတွက် မည်သို့သော တိုးတက်မှုများ ရရှိလာအောင် လုပ်ဆောင်သင့်သနည်း။
- How can the rule of law principles support criminal justice reform in Myanmar?
- မြန်မာနိုင်ငံရှိ ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲရာတွင် တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများသည် မည်သို့ အထောက်အကူ ဖြစ်စေသနည်း။

## Handout 3.2.1: Path of Criminal Process
## ဝေငှစာရွက် (၃.၂.၁) - ရာဇဝတ်မှုဆိုင်ရာလမ်းကြောင်း

| |
|---|
| Complainant/survivor files a complaint with the police or the court.<br>တိုင်တန်းသူ/ရှင်သန်လွတ်မြောက်သူက ရဲထံ (သို့) တရားရုံးထံသို့ တိုင်တန်းလျှောက်ထားသည်။ |
| Police investigate, or court examines complainant.<br>ရဲမှ စုံစမ်းစစ်ဆေးသည် (သို့) တရားရုံးမှ တိုင်တန်းသူအား စစ်မေးသည်။ |
| The accused is arrested or summonsed to appear before the court.<br>စွပ်စွဲခံရသူအား ဖမ်းဆီးသည် (သို့) တရားရုံး ရှေ့မှောက်သို့ လာရောက်ရန် ဆင့်ခေါ်သည်။ |
| If the offense is bailable, the court may give the accused bail.<br>အာမခံပေးရမည့် ပြစ်မှုဖြစ်လျှင် တရားရုံးမှ စွပ်စွဲခံရသူအား အာမခံပေးသည်။ |
| Evidence is collected and police complete the search form.<br>သက်သေ စုဆောင်းပြီး ရဲမှ ရှာဖွေပုံစံအား ဖြည့်သည်။ |
| The case is sent to the UAGO Law Officer for advice.<br>UAGO ဥပဒေအရာရှိထံမှ အကြံဉာဏ်တောင်းခံရန်အတွက် အမှုအား ၎င်းထံ ပို့ပေးသည်။ |

| |
|---|
| The police charge the offenses based on advice from the UAGO and take the file to the court. Or the court hears from the prosecution side.<br>UAGO မှ အကြံပြုချက်ပေါ် အခြေခံ၍ ပြစ်မှုများအား ရဲက စွဲချက်တင်ပြီး တရားရုံးသို့ တင်သွင်းသည်။ သို့မဟုတ် တရားရုံးမှ တရားလိုဘက်အား ကြားနာသည်။ |
| If the offense is bailable, the court may give the accused bail.<br>အာမခံပေးရမည့် ပြစ်မှုဖြစ်လျှင် တရားရုံးမှ စွပ်စွဲခံရသူအား အာမခံပေးသည်။ |
| Trial or hearing.<br>စစ်ဆေး စီရင်ခြင်း (သို့) ကြားနာခြင်း။ |
| The prosecution witnesses are examined.<br>တရားလိုဘက်မှ သက်သေများအား စစ်မေးသည်။ |
| The accused cross-examines the prosecution witnesses.<br>စွပ်စွဲခံရသူရှေ့နေမှတရားလိုသက်သေအား ပြန်လှန်စစ်မေးသည်။ |
| "For Charge" Arguments<br>စွဲချက်တင်သင့်/မတင်သင့် လျှောက်လဲချက်များ |

| |
|---|
| If there is sufficient evidence, the court frames the charge. If there is not sufficient evidence, the court dismisses the charge.<br>သက်သေခိုင်လုံလျှင် တရားရုံးမှ တရားစွဲဆိုပေးသည်။ သက်သေ မခိုင်လုံလျှင် တရားရုံးမှ အမှုကို ရုပ်သိမ်းသည်။ |
| The accused witnesses are examined.<br>စွပ်စွဲခံရသူဘက်မှ သက်သေများအား စစ်ဆေးသည်။ |
| The accused witnesses are cross-examined by the prosecution.<br>စွပ်စွဲခံရသူဘက်မှ သက်သေများအား ဥပဒေအရာရှိမှ ပြန်လှန် စစ်မေးသည်။ |
| Final Argument<br>အပြီးသတ် လျှောက်လဲချက်ပေးသည်။ |
| Decision<br>အမိန့်ချသည်။ |
| Appeal<br>အယူခံဝင်သည်။ |

# Handout 3.2.2: Duties of Police
# ဝေငှစာရွက် (၃.၂.၂) - ရဲတာဝန်

**THE POLICE ACT (1945)**

**CHAPTER III.POWERS AND DUTIES OF POLICE-OFFICERS.**

16. Police-officers enrolled under this Act shall not exercise any authority except the authority provided for a police-officer under this Act and any other law for the time being in force.

17. Every police-officer shall, for all purposes, be considered to be always on duty, and may at any time be employed as a police-officer in any part of the general police-district.

18. It shall be the duty of every police-officer promptly to obey and execute all orders and warrants lawfully issued to him by any competent authority, and to, take lawful measures —

(i) to collect and communicate intelligence affecting the public peace;

(ii) to prevent the commission of offences and public nuisances;

(iii) to detect and bring offenders to justice;

(iv) to apprehend all persons whom he is legally authorized to apprehend and for whose apprehension sufficient ground exists;

(v) to regulate processions and assemblies in public places;

(vi) to regulate the traffic upon public thoroughfares and remove obstructions therefrom;

(vii) to preserve order and decorum in public places, in places of public resort and in assemblies for public amusements;

(viii) to protect unclaimed or lost property and to find the owners thereof;

(ix) to take charge of and impound stray animals;

(x) to assist in the protection of life and property at fires;

(xi) to protect public property from loss or injury;

(xii) to attend criminal Courts and assist the Magistrates in keeping order therein;

(xiii) to execute warrants of arrest and serve summonses and notices wherever specially directed by a Magistrate to do so.

It shall be lawful for every police-officer, for any of the purposes mentioned in this section, without warrant to enter and inspect any pawnshop, drinking shop, gaming-house or other place of resort of loose and disorderly characters.

19. Police-officers shall in the performance of their duties have free admission to all places of public resort and assemblies for public amusement while open to any section of the public.

20. It shall be the duty of every police-officer to take charge of all unclaimed property, and to furnish an inventory thereof to the District Magistrate, and the police officer shall be guided as to the disposal of such property by such orders as he shall receive from the District Magistrate.

**ရဲလက်စွဲ (၁၉၄၅)**

**အခန်း ၃ - ရဲအရာရှိများ၏ အာဏာနှင့် ဝတ္တရားများ**

၁၆။ ။ ဤအက်ဥပဒေအရ၊ စာရင်းတင်သွင်းထားသော ရဲအရာရှိတို့သည်၊ ဤအက်ဥပဒေနှင့် အချိန်ကာလ အလျောက်၊ အာဏာတည်ဆဲဖြစ်သော အခြားအခြားသော ဥပဒေများအရ၊ ရဲအရာရှိများ ပိုင်ဆိုင်သည်ဟု ပြဋ္ဌာန်းထားသော အာဏာများကိုသာ သုံးစွဲနိုင်သည်။

၁၇။ ။ ရဲအရာရှိတိုင်းသည်၊ မိမိနှင့် သက်ဆိုင်သည့် ကိစ္စများအတွက် အချိန်မရွေး တာဝန်ဝတ္တရားများကို ထမ်းဆောင်လျက်ရှိသည်ဟု ယူဆရမည့်ပြင်၊ ရဲနယ်မြေအတွင်း မည်သည့်ဒေ သမဆို ခန့်အပ်ထားသော ဒေသတွင် အလုပ်ဝတ္တရားများကို ထမ်းဆောင်ရမည်။

၁၈။ ။ ရဲအဖွဲ့ဝင်တိုင်းသည်၊ မိမိအားအမိန့်ပေးပိုင်ခွင့်ရှိသော အရာရှိက တရားဥပဒေနှင့်အညီ ထုတ်ဆင့်သောအမိန့်နှင့် ဝရမ်းစာများအားလုံးကို၊ လျင်မြန်စွာ လိုက်နာဆောင်ရွက် အတည်ပြုရမည့်ပြင်၊ အောက်ပါဝတ်တရားများကိုလည်း၊ တရားဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(၁) ပြည်သူ့ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမည့် သတင်းများကို စုဆောင်း အစီရင်ခံခြင်း။

(၂) ပြစ်မှုများနှင့် ပြည်သူ့နှောက်ရှက်မှုများကို တားဆီးခြင်း။

(၃) ပြစ်မှုကျူးလွန်သူများအား၊ ပေါ်ပေါက်အောင် စုံစမ်းပြီး တရားဥပဒေအတိုင်း အပြစ်ရရှိအောင် ဆောင်ရွက်ခြင်း။

(၄) ဖမ်းဆီးရန် အကြောင်းလုံလောက်သောသူများနှင့် တရားဥပဒေအရ၊ ဖမ်းဆီးပိုင်ခွင့်ရှိသူအားလုံးကို ဖမ်းဆီးခြင်း။

(၅) အများပြည်သူတို့ဝင်ထွက်သွားလာသည့် နေရာများတွင်၊ လူစုလူဝေးနှင့် စီတန်းလမ်းလျှောက် ခြင်းများကို ထိန်းသိမ်းကြပ်မတ်ပေးခြင်း။

(၆) အများပြည်သူတို့ သွားလာရာ လမ်းကြီး လမ်းငယ်များပေါ်တွင် ယာဉ်ရထား အသွားအလာကို ကြပ်မတ်ခြင်းနှင့် လမ်းများပေါ်တွင် တားဆီးပိတ်ဆို့နေသောအရာများကို ဖယ်ရှားခြင်း။

(၇) အများပြည်သူတို့ ဝင်ထွက်သွားလာသည့် နေရာများတွင်၎င်း၊ အများပြည်သူတို့ သွားရောက် ပျော်ရွှင်ရာ နေရာများတွင်၎င်း၊ ပွဲလမ်းသဘင်များတွင်၎င်း တက္ကနြေသိက္ခာ စောင့်စည်းမှုကို ထိန်းသိမ်း ပေးခြင်း။

(၈) ပိုင်ရှင်မပေါ်သော၊ သို့မဟုတ် ပျောက်ဆုံးသော ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပိုင်ရှင်များကို လိုက်လံရှာဖွေပေးခြင်း။

(၉) အထိန်းအကျောင်းမရှိသော တိရစ္ဆာန်များကို ဖမ်းဆီး၍ တိရစ္ဆာန်ထောင်တွင် ချထားခြင်း။

(၁၀) မီးသင့်လောင်သည့်အခါ၊ အသက်နှင့် ပစ္စည်းကို ကာကွယ်စောင့်ရှောက်ရာတွင် ကူညီခြင်း။

(၁၁) ပြည်သူပိုင်ပစ္စည်း မဆုံးရှုံးရန်၊ သို့မဟုတ် မပျက်စီးစေရန် ကာကွယ် စောင့်ရှောက်ခြင်း။

(၁၂) ရာဇဝတ် တရားရုံးများတွင် ငြိမ်ဝပ်ပိပြားရေး မပျက်ပြားစေရန် ရာဇဝတ်တရားသူကြီးအား ကူညီခြင်း။

(၁၃) ရာဇဝတ်တရားသူကြီးက အထူးညွှန်ကြားသည့်အခါ၊ လူဖမ်းဝရမ်းများ အတည်ဖြစ်အောင် ဆောင်ရွက်ခြင်းနှင့် သမ္မာန်စာများ၊ နို့တစ်စာများ ချအပ်ခြင်း။

ရဲအဖွဲ့ဝင်များသည်၊ ဤပုဒ်မတွင် ဖော်ပြထားသည့် ဝတ်တရားများဆောင်ရွက်ရန်၊ အပေါင်ဆိုင်၊ သေရည်သေရက် ရောင်းချသောဆိုင်၊ အလောင်းအစား ပြုလုပ်ရာအိမ်၊ အခြားအကျင့်စာရိတ္တတော့ရမ်း သော့သွမ်းသူတို့ သွားလာမြဲနေရာတခုခုသို့ ဝရမ်းမပါဘဲ ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်သည်။

၁၉။ ပြည်သူလူထုများ သွားလာနိုင်သည့်နေရာ၊ သို့မဟုတ် ပျော်ပွဲ ရွှင်ပွဲအတွက် ပြည်သူလူထုတို့ စုရုံးသည့် နေရာဌာနများတွင် ပြည်သူလူထုတို့ ထွက်ဝင်သွားလာနိုင်သည့် အချိန်ကာလအတောအတွင်းတွင်၊ ရဲအရှိ တို့သည်၊ ၎င်းတို့၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရန်အတွက် အခမဲ့ဝင်နိုင်စေရမည်။

၂၀။ ရဲအရာရှိတိုင်းသည်၊ ပိုင်ရှင်မပေါ်သော ပစ္စည်းများကို သိမ်းဆည်း၍ စာရင်းပြုလုပ်ပြီးလျှင်၊ ခရိုင်ရာဇဝတ် တရားသူကြီး ထံသို့ တင်သွင်းရန် တာဝန်ဝတ်တရားရှိသည်။ ၎င်းခရိုင်ရာဇဝတ်တရားသူကြီး၏ ချထားသော အမိန့်အရ၊ ၎င်းပစ္စည်းများကို သုံးစွဲရမည်။

# Handout 3.2.3: Reporting a Crime
# ဝေငှစာရွက် (၃.၂.၃) - ရာဇဝတ်မှုတစ်ခုအတွက် တိုင်ကြားခြင်း

**Scenario:**

You are the District Police Officer where the workshop takes place. You have recently attended the rule of law training. In the final sessions of that workshop you began to think about how to apply the rule of law principles you studied in your workplace. You have decided that the police you supervise need to provide better service to female crime victims who come to the police station. You have already issued a rule that the police must not demand bribes or "fees" from victims or their families. But you want to create a list of 6-8 other rules to help your police improve their practices towards female victims of serious crimes like rape and assault, particularly at the hands of family members.

**ဇာတ်ညွှန်း**

သင်သည် ဤအလုပ်ရုံဆွေးနွေးပွဲရှိသောနေရာမှ ခရိုင်ရဲအရာရှိ ဖြစ်ပါသည်။ သင်သည် မကြာသေးမီက တရားဥပဒေစိုးမိုးရေး အလုပ်ရုံ ဆွေးနွေးပွဲ တက်ထားသည်။ အလုပ်ရုံဆွေးနွေးပွဲ၏ နောက်ဆုံး သင်ခန်းစာထဲတွင် တရားဥပဒေစိုးမိုးရေး၏ အခြေခံမှုများကို သင်၏ လုပ်ငန်းခွင်ထဲတွင် သင့်အနေနှင့် မည်သို့ပြန်လည်အသုံး ချရမည်ကို စဉ်းစားနေသည်။ သင့်လက် အောက်တွင်ရှိသော ရဲများသည်ရဲစခန်းသို့ရောက်လာကြသော နစ်နာသူအမျိုးသမီးများကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှု ပေးရန် လိုအပ်သည်ဟု ဆုံးဖြတ်သည်။ ရဲများသည် ၎င်းတို့ထံမှ (သို့) ၎င်းတို့၏ မိသားစုများထံမှ လာဘ်/ အခကြေးငွေ မတောင်းခံရန် စည်းကမ်းထုတ်ပြန် ထားသည်။ သို့သော် သင့်အနေနှင့် ရဲများ၏ လုပ်ဆောင်ချက်များ တိုးတက် ကောင်းမွန် စေရန် နောက်ထပ် အခြားစည်းမျဉ်း ၆ခု မှ ၈ခု အထိ ထပ်မံရေးဆွဲလိုသည်။ အကြောင်းရင်းမှာ ရဲများအား မိသားစုဝင်များ၏ လက်ချက်ဖြင့် ဖြစ်ပွားသော ကိုယ်ထိလက်ရောက် ရိုက်နှက်မှု နှင့် မုဒိန်းမှုကဲ့ သို့သော ဆိုးရွားသည့် ပြစ်မှုများရှိ နစ်နာသူ အမျိုးသမီးများအပေါ်တွင် မိမိတို့ဆောင်ရွက်ရမည့် ကျင့်စဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာ စေရန်အတွက် အထောက်အကူပြုဖို့ရန်ဖြစ်သည်။

# Module 3.3: Alternative Dispute Resolution
# အစီအစဉ် (၃.၃) - အငြင်းပွားမှုများကိုအခြားသောနည်းဖြင့် ဖြေရှင်းခြင်း

**Purpose of Session:** To increase awareness of the use of alternative dispute resolution (ADR) to resolve cases of SGBV.

**အစီအစဉ်၏ ရည်ရွယ်ချက်** - သင်တန်းသူ၊ သားများကို လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှုများကို ဖြေရှင်းရန် အငြင်းပွားမှုများကို အခြားသောနည်းဖြင့် ဖြေရှင်းခြင်း (ADR) ကို အသုံးပြုပုံနှင့် ပတ်သက်သော အသိပညာများကို မြှင့်တင်ပေးရန် ရည်ရွယ်သည်။

## Outcomes, Skills and Methodologies
## ရလဒ်များ၊ ကျွမ်းကျင်မှုများနှင့် သင်ကြားရေးနည်းစနစ်များ

| Outcomes: | ရလဒ်များ။ |
|---|---|
| As a result of this session participants will be able to:<br>• List the advantages and disadvantages of going to court.<br>• Define mediation, negotiation and arbitration.<br>• Apply and assess the use of ADR to an SGBV scenario. | ဤအစီအစဉ်မှ သင်တန်းသူ၊သားတို့သည် အောက်ပါအချက်များကို လုပ်ဆောင်နိုင်မည်။<br>• တရားရုံးတော်သို့ သွားရခြင်း၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများကိုစာရင်းပြုစုနိုင်မည်။<br>• ကြားဝင်ဖျန်ဖြေပေးခြင်း၊ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း၊ ခုံသမာဓိဖြင့်စီရင် ဆုံးဖြတ်ခြင်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုသိရှိနိုင်မည်။<br>• လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအကြမ်းဖက်မှုနှင့်ဆိုင်သည့် ဇာတ်ညွှန်းတစ်ခုအတွက် ADR နည်းကိုအသုံးပြုပြီးဖြေရှင်းခြင်းကိုလည်းလက်တွေ့ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session participants will practice the following skills:<br>• Analysis<br>• Group work<br>• Communication<br>• Mediation | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ဖော်ပြပါ ကျွမ်းကျင်မှုများ ရရှိစေရန် လေ့ကျင့်ကြမည်။<br>• ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း<br>• အုပ်စုလိုက် ဆောင်ရွက်ခြင်း<br>• ဆက်သွယ်ပြောဆိုခြင်း<br>• ကြားဝင်ဖျန်ဖြေပေးခြင်း |

| Methodologies: | သင်ကြားရေးနည်းစနစ်များ |
|---|---|
| In this session participants will practice the following training methodologies:<br>• Think-pair-share<br>• Round robin<br>• Brainstorming<br>• Role play | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ဖော်ပြပါ သင်ကြားနည်း နည်းပညာများကို လေ့ကျင့်ကြမည်။<br>• စဉ်းစားပါ - နှစ်ယောက်တွဲ ဆွေးနွေးပါ - ဝေမျှပါ<br>• Round robin<br>• ကြိုတင် ကြံဆတွေးတောခြင်း<br>• သရုပ်ဖော်ခြင်း |

**Rule of Law Principles**

**တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများ**

| | |
|---|---|
| The following rule of law principles are relevant to this session:<br>• Access to justice<br>• Equality before the law<br>• Fairness<br>• Non-arbitrary decision making<br>• Human Rights<br>• Non-discrimination | အောက်ပါတရားဥပဒေစိုးမိုးရေးစည်းမျဉ်းများသည်ဤအစီအစဉ်နှင့်သင့်လျော်ပါသည်။<br>• **တရားမျှတမှုလက်လှမ်းမီခြင်း**<br>• **ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှရှိခြင်း**<br>• **တရားမျှတမှုရှိခြင်း**<br>• **ဘက်မလိုက်သောဆုံးဖြတ်ချက် ချမှတ်ပေးခြင်း**<br>• **လူ့အခွင့်အရေးများ**<br>• **ခွဲခြားဆက်ဆံမှုမရှိခြင်း** |

**Preparation**

**ပြင်ဆင်ပုံ**

| **Materials:** | **သင်ထောက်ကူပစ္စည်းများ၊** |
|---|---|
| For this session participants will need:<br>• White board and markers<br>• Pens | ဤအစီအစဉ်အတွက် သင်သည် အောက်ပါအရာများကိုလိုအပ်ပါလိမ့်မည်။<br>• သင်ပုန်းနှင့်မာကာများ<br>• ဘောပင် |

| **Handouts:** | **ဝေငှစာရွက်များ** |
|---|---|
| In this session participants will use:<br>• Handout 3.3.1 Negotiation<br>• Handout 3.3.2 Mediation<br>• Handout 3.3.3 Arbitration<br>• Handout 3.3.4 Phyu Phyu's Position<br>• Handout 3.3.5 Tun Tun's Position<br>• Handout 3.3.6 Ward Administrator's Position<br>• Handout 3.3.7 Observer | ဤအစီအစဉ်တွင်သင်သည်အောက်ပါတို့ကိုအသုံးပြုရပါလိမ့်မည်။<br>• ဝေငှစာရွက် ၃.၃.၁ ကြားဝင်ဖျန်ဖြေပေးခြင်း<br>• ဝေငှစာရွက် ၃.၃.၂ စေ့စပ်ညှိနှိုင်းဆွေးနွေး ခြင်း<br>• ဝေငှစာရွက် ၃.၃.၃ ခုံသမာဓိနည်းဖြင့် ဖြေရှင်းခြင်း<br>• ဝေငှစာရွက် ၃.၃.၄ ဖြူဖြူ၏နေရာ<br>• ဝေငှစာရွက် ၃.၃.၅ ထွန်းထွန်း၏နေရာ<br>• ဝေငှစာရွက် ၃.၃.၆ - ရပ်ကွက် အုပ်ချုပ်ရေးမှူး ၏နေရာ<br>• ဝေငှစာရွက် ၃.၃.၇ လေ့လာသူ |

| **OPEN SESSION** | **(5 mins)** |
|---|---|
| **အဖွင့်ဆက်ရှင်** | **(၅ မိနစ်)** |

Introduce this session's background and purpose. Review lesson outcomes with the participants. Write outcomes on flipchart paper or whiteboard and explain them. Discuss other announcements and concerns.
ဤအစီအစဉ်၏ နောက်ခံကြောင်းတရားနှင့် ရည်ရွယ်ချက်ကိုမိတ်ဆက်ပါ။ စာရွက်ဖြူကြီးများပေါ်တွင် ရလဒ်များကို ရေးပြီး ရှင်းပြပါ။ အခြားသောအသိပေးပြောကြားစရာများရှိလျှင်လဲဆွေးနွေး ပေးပါ။

| **REVIEW** | **(5 mins)** |
|---|---|
| **ပြန်လည်သုံးသပ်ခြင်း** | **(၅ မိနစ်)** |

Link this session's outcomes to previous sessions and activities and connect to relevant rule of law principles, including access to justice.

ပြီးခဲ့သော အစီအစဉ်များ၊ လှုပ်ရှားမှုများ နှင့်သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးစည်းမျဉ်းများ (တရားမျှတမှု လက်လှမ်း မှီခြင်း ပါဝင်သည့်) ကိုချိတ်ဆက်ပေးပါ။

**Notes to facilitators:**

Access to justice is a key component of the rule of law: legal rights and obligations mean little if there is no way to enforce them. However, bringing and defending a lawsuit in the formal court system can be so time-consuming and expensive that it becomes extremely difficult or impossible for ordinary people to make use of it. In some cases, the cost of litigation may be as much as or more than the value of the matter under dispute. The use of ADR under appropriate circumstances may enhance effective access to justice by providing a faster and cheaper method for resolving such disputes. It also affords greater opportunities for satisfying interests of all dispute participants because resolutions are not limited by what courts can and cannot order under existing legal remedies. For all these reasons, the use of ADR may enhance equality before the law. Vulnerable groups may be precisely those least likely to have the resources to access the formal court system. To the extent ADR enhances access to justice for these groups it can also promote equality before the law. Finally, widespread use of ADR may reduce the caseload of the ordinary court system, which improves access to justice for all litigants.

**သင်တန်းနည်းပြများအတွက် မှတ်စုများ**

တရားမျှတမှုနှင့် လက်လှမ်းမှီခြင်းသည် တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများအထဲမှ အရေးပါသော အစိတ်အပိုင်းတခု ဖြစ်သည်။ ဥပဒေရပိုင်ခွင့်များနှင့် တာဝန်များသည် ၎င်းတို့ကို ပြဋ္ဌာန်းရန်/အာဏာတည်စေရန် နည်းလမ်းမရှိလျှင် သိပ်အဓိပ္ပာယ်မရှိပေ။သို့သော်တရားရုံးစနစ်တွင် တရားစွဲဆိုမှုတခုကို ပြုလုပ်ခြင်းနှင့် ခုခံခြင်းသည် အချိန်အလွန်ကုန်စေပြီး ကုန်ကျစရိတ်များစေသည်။ ထို့ကြောင့် ထိုသို့ပြုလုပ်နိုင်ရန် သာမန်လူများအတွက် အလွန်ခက်ခဲပြီး သိပ်မဖြစ်နိုင်ပါ။ အချို့အမှုများတွင် တရားရုံးစရိတ်သည် အငြင်းပွားမှုဖြစ်သည့်ကိစ္စ၏ တန်ဖိုးထက်ပင် ပိုများနေတတ်သည်။ သင့်လျော်သည့် အခြေအနေတွင် ADR ကို အသုံးပြုခြင်းသည် အငြင်းပွားမှုများကို ဖြေရှင်းခြင်းအတွက် မြန်ဆန်ပြီး စရိတ်သက်သာသောနည်းတခု ပံ့ပိုးပေးခြင်းဖြစ်သောကြောင့် အကျိုးရှိသော တရားမျှတမှုရရှိခြင်း ကို ဖြစ်ပေါ်စေသည်။ ဖြေရှင်းမှုများသည် တည်ဆဲဥပဒေသက်သာခွင့်များအရ တရားရုံးမှ အမိန့်ပေးနိုင်ခြင်း၊ မပေးနိုင်ခြင်းများဖြင့် ကန့်သတ်မှုများ မရှိသောကြောင့် အငြင်းပွားမှုဖြစ်သောသူများအားလုံး၏ အကျိုးစီးပွားကို ကျေနပ်မှုဖြစ်စေသည့် ပိုမို ကောင်းမွန်သော အခွင့်အရေးများကို ပေးပါသည်။ ထိုအကြောင်းပြချက်များအားလုံးကြောင့် ADR ကို အသုံးပြုခြင်းသည် ဥပဒေရှေ့မှောက် တန်းတူညီမျှ ရရှိခြင်းကို ဖြစ်ပေါ်စေသည်။ အကျိုးခံစားခွင့်မရရှိသူများအုပ်စုသည် ပုံစံတကျဖြစ်သော တရားရုံးစနစ်ကို ရရှိမှု နည်းပါလိမ့်မည်။ ထိုအုပ်စုများအတွက် ADR က တရားမျှတမှုကို ရရှိခြင်းကို အတိုင်းအတာတခုအထိ တိုးမြှင့်စေသောကြောင့် ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုကိုလည်း တိုးမြှင့်စေနိုင်သည်။အချုပ်ဆိုရလျှင် ADR ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းသည် သာမန်တရားရုံးစနစ်၏ အမှုကိစ္စများကို လျော့ကျစေနိုင်ပြီး တရားစွဲဆိုခုခံခြင်းများအားလုံးအတွက် တရားမျှတမှုရရှိခြင်းကို တိုးတက်စေသည်။

| **ACTIVITY 1: FOCUSER - ADVANTAGES AND DISADVANTAGES OF GOING TO COURT** | **(25 mins)** |
|---|---|
| **လှုပ်ရှားမှု ၁ - Focuser - တရားရုံးသို့သွားခြင်း၏အားသာချက်များနှင့် အားနည်းချက်များ** | **(၂၅ မိနစ်)** |

**Purpose of Activity:** To discuss the advantages and disadvantages of using courts as a dispute resolution mechanism.

**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** အငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းအဖြစ် တရားရုံးကိုသွားခြင်း၏ အားသာချက်များနှင့် အားနည်းချက်များကိုဆွေးနွေးရန်

**Methodology:** Think-pair-share; Snowballing; Brainstorm

**သင်ကြားရေးနည်းစနစ် -** စဉ်းစားပါ - နှစ်ယောက်တတွဲဆွေးနွေးပါ - ဝေမျှပါ၊ Snowballing ၊ ကြိုတင်ကြံဆတွေးတောခြင်း

| |
|---|
| **Handout(s):** No handouts<br>**စာရွက်များ -** စာရွက်မရှိပါ။<br><br>**Materials:** Whiteboard/markers<br>**သင်ထောက်ကူပစ္စည်းများ -** သင်ပုန်း/ မာကာများ |

**Instructions**
**ညွှန်ကြားချက်များ**

- Divide the whiteboard into 2 parts– Advantages and Disadvantages of going to court.
- သင်ပုန်းကို (၂) ခြမ်းခြမ်းပါ။ တရားရုံးသို့ သွားခြင်း၏ အားသာချက်များနှင့် အားနည်းချက်များ။
- Pair participants and first ask them to think about, discuss, and then list the advantages/benefits of going to court to resolve disagreements, disputes, and conflicts. (5 mins)
- သင်တန်းသူ/သားများကို နှစ်ယောက်တတွဲတွဲပါ။ ပထမဦးဆုံး ၄င်းတို့ကို စဉ်းစားခိုင်းပါ။ ထို့နောက် ဆွေးနွေးခိုင်းပါ။ ပြီးလျှင် သဘောမတူညီမှုများ၊ အငြင်းပွားမှုများ နှင့် ပဋိပက္ခများကိုဖြေရှင်းရန် တရားရုံးသွားခြင်း၏ အားသာချက်များကိုစာရင်းပြုခိုင်းပါ။ (၅ မိနစ်)
- Ask each pair to report only one benefit, and take turns using a round robin method with each new team in turn sharing a benefit.  Do not permit pairs to repeat a benefit that has already been mentioned because only new benefits are encouraged. Write the benefits shared on the board, paraphrasing and using abbreviations whenever possible. After the teams share all the benefits they have identified, ask everyone if there are any additional benefits to list.  Add any new ones mentioned to the board. (5 mins)
- ထို့နောက် နှစ်ယောက်တတွဲစီကိုကောင်းကျိုး (၁) ခုကိုတင်ပြခိုင်းပါ။ ပြီးလျှင် Round robin သင်ကြားနည်းကို အသုံးပြုပြီးအခြားအဖွဲ့အသစ်တဖွဲ့စီမှ အားသာချက် (၁) ခုကိုဝေမျှခြင်းအားဖြင့်တလှည့်စီတင်ပြခိုင်းပါ။ အားသာချက်အသစ်များကိုသာ အားပေးသော/ရချင်သောကြောင့် တင်ပြပြီးသောအားသာချက်များကို ပြန်ထပ်မပြောရန် ပြောပါ။ ဝေမျှပေးသောအားသာချက်များကို စကားပြောသဘော (ဖြစ်နိုင်သောအခါတွင် အတိုကောက်များဖြင့်) သင်ပုန်းပေါ်တွင် ရေးပါ။ အဖွဲ့အားလုံး ၄င်းတို့ ဖော်ထုတ်ထားသောအားသာချက်အားလုံးဝေမျှပြီးသောအခါတွင် နောက်ထပ် ထပ်ဖြည့်စရာအားသာချက်များ ကျန်ပါသေးသလားဟုတတန်းလုံးကိုမေးပါ။ အသစ်ဝေမျှချက်များကို သင်ပုန်းပေါ်တွင် ထပ်ရေးပါ။ (၅ မိနစ်)
- Ask participants to continue working in these same pairs and list the disadvantages of going to court to resolve disagreements, disputes and conflicts. (5 mins)
- သင်တန်းသူ/သားများကို ၄င်းတို့ (၂) ယောက်တတွဲအတိုင်းသဘောမတူညီမှုများ၊ အငြင်းပွားမှုများ နှင့် ပဋိပက္ခများကို ဖြေရှင်းရန် တရားရုံးသွားခြင်း၏ အားနည်းချက်များကိုစာရင်းပြုပေးရန် ပြောပါ။ (၅ မိနစ်)
- Then ask each pair to report only one disadvantage in turn and do not repeat any disadvantages already mentioned. After listing the disadvantages pairs share, ask everyone if any additional disadvantages need to be added. (5 mins)
- ထို့နောက် (၂) ယောက်တတွဲစီကိုအလှည့်ကျ အားနည်းချက် (၁) ခုစီကိုတင်ပြခိုင်းပါ။ ထိုသို့ တင်ပြရာတွင် ဝေမျှပြီးသွားသောအားနည်းချက်များကိုထပ်မတင်ပြရန် ပြောပါ။ အားနည်းချက်များကိုစာရင်းပြုပြီးနောက် နောက်ထပ် ထပ်ဖြည့်စရာအားနည်းချက်များကျန်သေးသလားဟုမေးပါ။ (၅ မိနစ်)

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

- In closing the activity, ask the participants:
- အပိတ်လှုပ်ရှားမှုတွင် အောက်ပါတို့ကိုသင်တန်းသူ၊သားများအားမေးပါ။

- If you had a dispute, what factors would you consider, to help you decide if you would go to court?
- အကယ်၍သင့်မှာအငြင်းပွားမှုတစ်ခုရှိခဲ့လျှင် မည်သည့်အချက်အလက်များအပေါ် မူတည်ပြီး တရားရုံးတော်သို့ သွားရောက်ဖြေရှင်းရန် ဆုံးဖြတ်မည်နည်း။
- What benefits of going to court do you think are most important, and why?
- တရားရုံးတော်သို့ သွားရောက်ဖြေရှင်းရခြင်းမှ ရရှိနိုင်မည့် အရေးအကြီးဆုံးသော အားသာချက်များမှာ မည်သည်များ ဖြစ်သနည်း။ အဘယ့်ကြောင့်နည်း။
- What disadvantages of going to court do you think are most important, and why?
- တရားရုံးတော်သို့ သွားရောက် ဖြေရှင်းခြင်းဖြင့် ရရှိနိုင်မည့် အားနည်းချက်များမှာမည်သည်များ ဖြစ်သနည်း။ အဘယ့်ကြောင့်နည်း။

| ACTIVITY 2: METHODS OF ALTERNATIVE DISPUTE RESOLUTION | (25 mins) |
|---|---|
| **လှုပ်ရှားမှု ၂ - အငြင်းပွားမှုများကိုအခြားသောနည်းဖြင့် ဖြေရှင်းခြင်း** | **(၂၅ မိနစ်)** |
| **Purpose of Activity:** To understand the different types of ADR.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - မတူညီသော ADR နည်းလမ်းများကိုနားလည်သိရှိစေရန်။<br><br>**Methodology:** Jigsaw<br>**သင်ကြားရေးနည်းစနစ်** - ဂျစ်ဆော<br><br>**Handout(s):** Handout 3.3.1 Negotiation<br>Handout 3.3.2 Mediation<br>Handout 3.3.3 Arbitration<br>**ဝေငှစာရွက်များ** - ဝေငှစာရွက် ၃.၃.၁ ကြားဝင်ဖျန်ဖြေပေးခြင်း<br>ဝေငှစာရွက် ၃.၃.၂ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း<br>ဝေငှစာရွက် ၃.၃.၃ ခုံသမာဓိနည်းဖြင့် ဖြေရှင်းခြင်း<br><br>**Materials:** Colored Stickers (3 different colors)<br>**သင်ထောက်ကူပစ္စည်း** - ကာလာစတစ်ကာ ( ၃ ရောင်) | |

**Instructions**

**ညွှန်ကြားချက်များ**

- Ask participants what methods are available to resolve disputes that are outside the formal system. Encourage participants to list as many methods as possible and write them on the whiteboard to refer back to during the closing activity.
- ရုံးဆန်သောတရားရေးစနစ်ပြင်ပတွင် ဖြေရှင်းနိုင်မည့် အငြင်းပွားမှုဆိုင်ရာနည်းလမ်းများကို သင်တန်းသူ၊ သားများ အားမေးပါ။ အဖြေများကိုသင်ပုန်းပေါ်တွင် ချရေးပေးထားပါ။ ထိုမှသာ အပိတ်လှုပ်ရှားမှုတွင် ပြန်လည်အသုံးပြု၍ရနိုင်မည် ဖြစ်ပါသည်။
- Tell participants that we refer to methods outside the formal justice system as "alternative dispute resolution" mechanisms, also referred to as "ADR".
- တရားရုံးပြင်ပတွင် အသုံးပြုသည့် ဖြေရှင်းနည်းစနစ်များကို "alternative dispute resolution - အငြင်းပွားမှုများကို တခြားသောနည်းဖြင့် ဖြေရှင်းခြင်း" စနစ်ဟုခေါ်ကြောင်း သင်တန်းသူ၊သားများအား ပြောပြပေးပါ။
- Tell participants that there are many different types of ADR, but they are generally divided into three types: negotiation, mediation, and arbitration.

- ADR နည်းဖြင့် ဖြေရှင်းခြင်းနည်းလမ်း အမျိုးမျိုးရှိကြောင်း သင်တန်းသူ၊ သားများအားပြောပါ၊ သို့သော် အခြေခံအားဖြင့် နည်းလမ်း(၃)ခုခွဲနိုင်သည်။ ၎င်းတို့မှာ - စေ့စပ်ညှိနှိုင်းဆွေးနွေးဖြေရှင်းခြင်း၊ ကြားဝင်ဖျန်ဖြေခြင်း နှင့် ခုံသမာဓိနည်းဖြင့် ဖြေရှင်းခြင်း တို့ဖြစ်သည်။
- Tell participants that they are now going to do the jigsaw activity to learn about these three types of ADR.
- သင်တန်းသူ၊သားများသည် Jigsaw လှုပ်ရှားမှုကိုကစားကြရမည်ဖြစ်ပြီးထိုလှုပ်ရှားမှုမှတဆင့် ADR နည်းလမ်းများကိုလေ့လာကြရမည်ဖြစ်ကြောင်းပြောပြပေးပါ။
- Explain the jigsaw method to participants:
- Jigsaw ကစားနည်းအကြောင်းကိုသင်တန်းသူ၊သားများအားပြောပြပေးပါ။
    - Participants will count off 1, 2, 3.
    - All of the 1s will form a group. All of the 2s will form a group, all of the 3s will form a group.
    - Groups will sit together and be given one color sticker.
    - Group 1 will receive Handout 3.3.1 Negotiation.
    - Group 2 will receive Handout 3.3.2 Mediation.
    - Group 3 will receive Handout 3.3.3 Arbitration.
    - Each group will discuss their Handout and become an expert on that method. (10 minutes)
    - Participants will then regroup into small groups of 3. **There should be a different color in each group.** This will ensure that each group has an expert on one type of ADR. (If there is an odd number, you may have to double up colors in one or more groups to make sure all participants are included in the discussion.)
    - In small groups, the experts will teach each other about their type of ADR. (10 mins)
    - သင်တန်းသူ၊သားများအား ၁၊ ၂၊ ၃ စသဖြင့် ရေတွက်သွားပါမည်။
    - အမှတ်စဉ် ၁ ကျသောသူများသည် အုပ်စုတစ်ဖြစ်ပြီး၊ အမှတ်စဉ် ၂ ကျသောသူများသည် အုပ်စု ၂ ဖြစ်ပြီး၊ အမှတ်စဉ် ၃ ကျသောသူများသည် အုပ်စု ၃ ဖြစ်မည်ဖြစ်ပါသည်။
    - သင်တန်းသူ၊သားများသည် ၎င်းတို့ကျသော အုပ်စုများအတွင်းနေရာယူကြရပါမည်။ ၎င်းတို့အား ကာလာစတစ်ကာတစ်ခုစီပေးထားမည်ဖြစ်ပါသည်။
    - အုပ်စု ၁ သည် ဝေဌစာရွက် ၃.၃.၁ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းအကြောင်းကိုရရှိမည်ဖြစ်ပြီး၊
    - အုပ်စု ၂ ကားဝေဌစာရွက် ၃.၃.၂ ကြားဝင်ဖျန်ဖြေခြင်းအကြောင်းစာရွက်ကိုရရှိမည်ဖြစ်ပါသည်။
    - အုပ်စု ၃ သည် ဝေဌစာရွက် ၃.၃.၃ ခုံသမာဓိနည်းဖြင့်ဖြေရှင်းခြင်းဆိုင်ရာစာရွက်ကိုရရှိမည် ဖြစ်ပါသည်။
    - အုပ်စုတိုင်းသည် ၎င်းတို့ ရရှိထားသည့် စာရွက်များကိုလေ့လာကြရမည်ဖြစ်ပြီးထိုစာရွက်တွင် ပါဝင်သော ဖြေရှင်းခြင်းနည်းအတွက် ကျွမ်းကျင်သူများ ဖြစ်သွားကြပါမည်။ (၁၀မိနစ်)
    - ထို့နောက် သင်တန်းသူ၊သားများအားအုပ်စုသေး (၃) ဖွဲ့ ပြန်ဖွဲ့ရပါမည်။ မတူညီသော ကာလာစတစ်ကာများအလိုက် အုပ်စုသစ် ဖွဲ့ပေးပါ။ ထိုသို့ပြုလုပ်ခြင်းဖြင့် အုပ်စုတစ်စုစီမှ ကျွမ်းကျင် ပညာရှင်များပါဝင်သွားမည်ဖြစ်ပါသည်။
    - အုပ်စုသေးများထဲသို့ ရောက်သွားသည့်အခါ ၎င်းတို့အချင်းချင်းအုပ်စုများအတွင်းတွင် လေ့လာထားသည့် ADR စနစ်များကိုအချင်းချင်း ပြန်သင်ကြားပေးရမည် ဖြစ်ပါသည်။ (၁၀မိနစ်)

**Closing Activity (5 mins)**

**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

For closing, refer participants back to the list on the whiteboard. Ask them to categorize the methods listed as mediation, negotiation, or arbitration.

အပိတ်လှုပ်ရှားမှုသို့ ရောက်သောအခါ သင်ပုန်းပေါ်တွင် ချရေးထားသည့်အရာများကို ပြန်ညွှန်းပေးပါ။ ထိုအရာများသည် ကြားဝင်ဖျန်ဖြေခြင်းဖြစ်သလော၊ သို့မဟုတ် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းဖြစ်သလော၊ သို့မဟုတ် ခုံသမာဓိနည်းဖြင့် ဖြေရှင်းရသည့်နည်းလမ်းဖြစ်သလော၊ စသဖြင့် သင်တန်းသူ၊သားများအားမေးပေးပါ။

| ACTIVITY 3: ADR AND SGBV | (25 mins) |
|---|---|
| **လှုပ်ရှားမှု ၃ - အငြင်းပွားမှုများကိုအခြားနည်းဖြင့်ဖြေရှင်းခြင်း (ADR)၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအကြမ်းဖက်မှုများ** | **(၂၅ မိနစ်)** |

**Purpose of Activity:** To apply ADR to an SGBV case.
**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာအကြမ်းဖက်မှုအမှုတစ်ခုအတွက် ADR နည်းကိုအသုံးပြုပြီး ဖြေရှင်းခြင်း။

**Methodology:** Role Play
**သင်ကြားရေးနည်းစနစ် -** အုပ်စုငယ်အတွင်းဆွေးနွေးခြင်း

**Handout:** Handout 3.3.4 Phyu Phyu's Position
Handout 3.3.5 Tun Tun's Position
Handout 3.3.6 Ward Administrator Position
Handout 3.3.7 Observer

**ဝေငှစာရွက်း** ဝေငှစာရွက် ၃.၃.၄ ဖြူဖြူ၏နေရာ
ဝေငှစာရွက် ၃.၃.၅ ထွန်းထွန်း၏နေရာ
ဝေငှစာရွက် ၃.၃.၆ ရပ်ကွက် အုပ်ချုပ်ရေးမှူး ၏ နေရာ
ဝေငှစာရွက် ၃.၃.၇ လေ့လာသူ

**Materials:** None
**သင်ထောက်ကူပစ္စည်းများ -** မရှိပါ

**Instructions**
**ညွှန်ကြားချက်များ**

- Tell participants that they are now going to use mediation to resolve the case of Phyu Phyu and Tun Tun.
- ဖြူဖြူနှင့် ထွန်းထွန်းတို့၏ အမှုအတွက် သင်တန်းသူ၊သားများသည် ကြားဝင်ဖျန်ဖြေခြင်း နည်းလမ်းကို အသုံးပြုကြရပါမည်။
- Give the following instructions: (5 mins)
- ထို့ကြောင့် အောက်ပါလမ်းညွှန်ချက်များပေးပါ။ (၅မိနစ်)
    - Ask participants to count off 1, 2, 3, 4 and sit with their assigned groups.
    - Tell participants that each person in the group will have a role. One person will be Phyu Phyu, one person will be Tun Tun, one person will be the Ward Administrator, and one person will be the Observer. The Observer will present the results of the mediation. So, you need one Observer in each group. If there is an odd number of participants, you may need to double up on Observers. Ask participants to quickly decide in their groups who will play which role.
    - Tell participants that each role will receive a Handout. DO NOT SHOW YOUR HANDOUT TO THE OTHER PEOPLE IN YOUR GROUP.
    - The participants who plays Phyu Phyu will receive Handout 3.3.4, the participant who plays Tun Tun will receive Handout 3.3.5, the participant who plays the Ward Administrator will receive Handout 3.3.6, and the Observer or Observers will receive Handout 3.3.7.
    - Ask participants to read their Handout.
    - Tell participants that Phyu Phyu and Tun Tun have gone to the Ward Administrator to resolve their dispute. They will have 10 minutes for the mediation.

  - သင်တန်းသူ၊သားများအား (၁၊၂၊၃၊၄) ရေတွက်ပြီး ၄င်းတို့ ကျရာနံပတ်များအတိုင်းနေရာယူခိုင်းပါ။
  - သင်တန်းသူ၊သားတစ်ဦးစီသည် အခန်းကဏ္ဍတစ်ခုစီမှ တာဝန်ယူကြရမည်ကိုလည်းပြောပြပေးပါ။ ဖြူဖြူ၊ ထွန်းထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လေ့လာသူနေရာများမှ သင်တန်းသူ၊သား တစ်ဦးစီတာဝန်ယူကြရမည်ဖြစ်ပါသည်။ လေ့လာသူမှ ကြားဝင်ဖျန်ဖြေခြင်း၏ အကျိုးရလဒ်များအကြောင်းကို တင်ပြပေးရပါမည်။ ထို့ကြောင့် အဖွဲ့တိုင်းတွင် လေ့လာသူတစ်ဦးစီ ပါဝင်ရပါမည်။ အကယ်၍ သင်တန်းသူ၊ သားဦးရေသည် မ ကဏန်းဖြစ်ခဲ့လျှင် လေ့လာသူများ၏ အရေအတွက်ကို နှစ်ဆမြှင့်တင်လိုက်ပါ။ အဖွဲ့တဖွဲ့အတွင်း မည်သူကမည်သည့် အခန်းကဏ္ဍမှနေပြီး သရုပ်ဆောင်မည်ကိုလည်း အဖွဲ့ဝင်များအတွင်း လျှင်မြန်စွာ ဆွေးနွေးခိုင်းပါ။
  - အခန်းကဏ္ဍအသီးသီးမှ သရုပ်ဆောင်မည့်သူများအတွက် ၄င်းတို့နှင့် သက်ဆိုင်သည့် ဝေဌစာရွက် များကို ပေးမည်ဖြစ်ကြောင်းသင်တန်းသူ၊သားများအားပြောပြပေးပါ။ **ထို့အပြင် ၄င်းတို့ ရရှိထားသော စာရွက်များကို တခြားသူများသို့ မပြရန်လည်းသတိပေးပေးပါ။**
  - ဖြူဖြူ့နေရာမှ သရုပ်ဆောင်မည့်သူများသည် ဝေငှစာရွက် ၃.၃.၄ ကိုရရှိမည်။ ထွန်းထွန်းနေရာမှ တာဝန်ယူထားသူများသည် ဝေငှစာရွက် ၃.၃.၅ ကိုရရှိမည်။
  - ရပ်ကွက်အုပ်ချုပ်ရေးမှူး နေရာမှ တာဝန်ယူထားသူများသည် ဝေဌစာရွက် ၃.၃.၆ ကိုရရှိမည် ဖြစ်ပြီး လေ့လာသူနေရာမှ တာဝန်ယူမည့်သူများသည် ဝေငှစာရွက် ၃.၃.၇ ကိုရရှိမည် ဖြစ်ပါ သည်။
  - သင်တန်းသူ၊သားများအား ၄င်းတို့ အသီးသီးရရှိထားသည့် ဝေဌစာရွက်များကိုဖတ်ခိုင်းပါ။
  - ထွန်းထွန်းနှင့် ဖြူဖြူတို့သည် ၄င်းတို့၏ အငြင်းပွားမှုကိုဖြေရှင်းရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးဆီသို့ သွားရမည်ဖြစ်ကြောင်းပြောပြပေးပါ။ ၄င်းတို့၏ အငြင်းပွားမှုကို ကြားဝင်ဖျန်ဖြေခြင်းနည်းဖြင့် ဖြေရှင်းရန် အချိန် (၁၀) မိနစ် ရရှိကြမည်ဖြစ်ကြောင်းပြောပြပေးပါ။
- After ten minutes, ask each Observer to report on the Mediation by answering these questions: (5 minutes)
- အချိန် (၁၀) မိနစ် ပြည့်ပြီးသွားသည့်အခါ လေ့လာသူနေရာမှ တာဝန်ယူထားသည့်သူတိုင်းအား ကြားဝင်ဖျန်ဖြေခြင်း အကြောင်းကို တင်ပြပေးနိုင်ရန် အောက်ပါမေးခွန်းများကိုဖြေခိုင်းပါ။
  - Was an agreement reached?
  - If yes, what is the agreement?
  - If an agreement was not reached, what was the main problem?
  - ထွန်းထွန်းနှင့် ဖြူဖြူအကြားတွင် သဘောတူညီချက် ရရှိခဲ့ပါသလား။
  - ရရှိခဲ့လျှင် ထိုသဘောတူညီချက်သည် အဘယ်ဖြစ်သနည်း။
  - နှစ်ဦးအကြားသဘောတူညီချက် မရခဲ့လျှင် မရခဲ့ရသည့် အဓိကပြဿနာ အကြောင်းကို တင်ပြပေးခိုင်းပါ။

**Closing Activity (5 mins)**

**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

Close this activity by asking participants:

ယခုလှုပ်ရှားမှုကိုအောက်ဖော်ပြပါ မေးခွန်းများမေးပြီးပိတ်ပေးပါ။

- What was the most difficult part of this mediation?
- ကြားဝင်ဖျန်ဖြေပေးခြင်း၏ အခက်ဆုံးအပိုင်းမှာမည်သည်ဖြစ်သနည်း။
- For the groups that reached an agreement, do you think the result was just or fair? Did either party benefit more or less?
- (သဘောတူညီချက်တခုရရှိခဲ့သည့် အုပ်စုများအတွက် မေးခွန်း) နောက်ဆုံးရရှိခဲ့သည့် ရလဒ်သည် မျှတမှုရှိသည်ဟုသင်ထင်ပါသလား၊ အမှုသည် နှစ်ဦးတို့အကြားတွင် အမှုသည်တစ်ဦးဦးမှ ပိုသာသော၊ သို့မဟုတ် ပိုနည်းသော အကျိုးရလဒ်များရခဲ့ပါသလား။
- Do you think Ward and Village Tract Administrators should be allowed to mediate SGBV cases? Why or why not?

- ရပ်ရွာနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအားလိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအကြမ်းဖက်မှုများကို ကြားဝင် ဖျန်ဖြေခြင်းနည်းလမ်းများအသုံးပြုပြီးဖြေရှင်းခိုင်းသင့်ပါသလား။ အဘယ့်ကြောင့် ဖြေရှင်းခိုင်းသင့်သနည်း၊ အဘယ့်ကြောင့် မဖြေရှင်းခိုင်းသင့်သနည်း။

| **SUMMARY AND EVALUATION** | **(5 mins)** |
|---|---|
| **အကျဉ်းချုပ်နှင့်သုံးသပ်ခြင်း** | **(၅ မိနစ်)** |

Ask participants to reflect on the rule of law principles and ADR methods. Ask participants the following questions:

တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများနှင့် ADR နည်းလမ်းများကိုသင်တန်းသူ၊သားများ ပြန်လည်အမှတ်ရစေရန် အောက်ပါမေးခွန်းများမေးပေးပါ။

- Are the rule of law principles important to consider when using ADR?
- ADR နည်းလမ်းများအသုံးပြုရာတွင် တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများကို ထည့်သွင်းစဉ်းစား သုံးသပ်သင့်သည်ဟု ထင်ပါသလား။
- What rule of law principles might be ignored or in danger when using ADR?
- ADR နည်းလမ်းများအသုံးပြုရာတွင် မည်သည့် တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများကို လျစ်လျူရှုမိနိုင်သနည်း။ အသုံးမပြုမိနိုင်သနည်း။
- How can we ensure that rule of law principles are considered in ADR in Myanmar?
- ADR နည်းလမ်းများအသုံးပြုရာတွင် တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများကိုထည့်သွင်းစဉ်းစားခြင်းရှိစေရန် မိမိတို့ မည်သို့ ပြုလုပ်သင့်သနည်း။

# Handout 3.3.1: Negotiation
# ဝေငှစာရွက် (၃.၃.၁) - စေ့စပ်ညှိနှိုင်း ဆွေးနွေးခြင်း

Negotiation is the most common dispute resolution process. We use negotiation in our daily life to resolve disputes with friends, co-workers, family members, shop owners, taxi drivers, and others. Negotiation has many advantages. It is inexpensive, informal, uses flexible and creative solutions, is less adversarial (the parties remain friendly afterwards), and private. The disadvantages to negotiation are that one party can delay an agreement and there is no way to enforce the agreement if the other party does not fulfil his duties. For negotiation to be successful, the parties to the dispute must listen closely to each other, avoid personal attacks, seek compromise, and make sure that the final agreement is understood and clear to everyone involved. (*See* King, Janet and Rendall, Matthew. *Alternative Dispute Resolution.* Community Legal Education Center. University of San Francisco School of Law. Cambodia Law and Democracy Project. February 2000. Pp. 46-49.)

စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းသည် အငြင်းပွားမှုအများစုကို ဖြေရှင်းရန် အသုံးများသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ မိမိတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများ လုပ်ဆောင်စဉ်အတွင်း (မိမိတို့၏ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိသားစုဝင်များ၊ ဆိုင်ပိုင်ရှင်များ၊ တက္ကဆီကားဒရိုက်ဘာများ၊ နှင့် တခြားသော သူများနှင့်) ဖြစ်ပွားလေ့ရှိသည့် အငြင်းပွားမှု ပြဿနာများကို ဖြေရှင်းရန် စေ့စပ်ညှိနှိုင်း ဆွေးနွေးခြင်း နည်းလမ်းကို အသုံးပြုလေ့ရှိကြပါသည်။ စေ့စပ်ညှိနှိုင်း ဆွေးနွေးခြင်းနည်းလမ်းတွင် အားသာချက်များစွာ ရှိပါသည်။ ထို အထဲမှ တချို့မှာ ငွေကုန်ကြေးကျ သက်သာစေခြင်း၊ ရုံးများတွင် ဖြေရှင်းရန် မလိုခြင်း၊ ဆန်းသစ်သော နည်းလမ်းများကို အသုံးပြုကာ နှစ်ဦး နှစ်ဖက် အဆင်ပြေစေမည့် နည်းလမ်းများကို အသုံးပြုပြီး ဖြေရှင်းနိုင်ခြင်း၊ နှင့် တဦးနှင့်တဦး ရန်လိုမှု နည်းပါးစွာ ဖြေရှင်းနိုင်ခြင်း (နှစ်ဖက်အမှုသည်တို့၏ ခင်မင်ရင်းနှီးမှုကို ဆက်လက် ထိန်းသိမ်းနိုင်ခြင်း)၊ နှင့် လူသိရှင်ကြား ဖြေရှင်းရန်မလိုဘဲ ကာယကံရှင်နှစ်ဦးကြားတွင်သာ ဖြေရှင်းရန် လိုခြင်းတို့ ဖြစ်ပါသည်။ သို့သော် တခါတရံတွင် အမှုသည်တဦးနှင့် တဦးအကြား သဘောတူညီမှုတစ်ရပ်ရရှိရန် နှောင့်နှေးကြန့်ကြာနေခြင်းများလည်း ရှိတတ်ပါသည်။ အကယ်၍ တဖက်အမှုသည်မှ ၎င်းလုပ်ဆောင်ပေးရမည့် တာဝန်များကို ပျက်ကွက်ခဲ့ပါက ထိုအမှုသည်နှစ်ဦးအကြားတွင် သဘောတူညီချက်တရပ်ရရှိနိုင်ရန်မှာ ခဲယဉ်းသွားနိုင်ပါသည်။ ထိုအရာများသည် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းကို အသုံးပြုရသည့် အားနည်းချက်များ ဖြစ်ပါသည်။ ထိုသို့ မဖြစ်စေရန် အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပွားနေသည့် နှစ်ဖက်အမှုသည်များသည် ၎င်းတို့ အချင်းချင်း သေချာစွာ နားထောင်ပေးရန်လိုအပ်ပါသည်။ ထိုသို့ နားထောင်ရာတွင်လည်း တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်စေခြင်းများကို ရှောင်ရှားပြီး အချင်းချင်း အပြန်အလှန် အလျှော့ပေးကာ ထိုအငြင်းပွားမှုတွင် ပါဝင်သူ အားလုံးတို့၏ သဘောတူ နားလည်ချက်ကို ရှာဖွေနိုင်မှသာ အောင်မြင်သော ညှိနှိုင်းဆွေးနွေးမှုတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## Handout 3.3.2: Mediation
## ဝေငှစာရွက် (၃.၃.၂) - ကြားဝင်ဖျန်ဖြေပေးခြင်း

Mediation is a voluntary, non-binding process in which an impartial and neutral mediator assists the parties in reaching an agreement. The mediator controls the process by helping the parties communicate and reach a solution. A mediator must stay neutral. Mediators do not make judgments about who is right or wrong. In most forms of mediation, the mediator cannot suggest solutions because this can be viewed as biased.

The mediator is responsible for helping the parties work together to find a solution by facilitating communication and negotiation. The mediator helps the parties come up with a broad range of choices. The parties then work together to discuss the options and agree on a solution. The mediation process can last many weeks or months, it is an ongoing process, that ends when a solution that both parties agree upon is reached. If a solution cannot be agreed upon the parties might decide to take the matter to court to reach their desired outcome.

(*See* King, Janet and Rendall, Matthew. *Alternative Dispute Resolution.* Community Legal Education Center. University of San Francisco School of Law. Cambodia Law and Democracy Project. February 2000. Pp. 99-105.)

ကြားဝင်ဖျန်ဖြေပေးခြင်းသည် မိမိသဘောဆန္ဒအလျောက် လုပ်ဆောင်ရသော လုပ်ငန်းစဉ်မျိုး ဖြစ်ပြီး အမှုသည် တစ်ဦးနှင့် တစ်ဦးအကြားတွင်လည်း စည်းနှောင်အားမရှိသည့် လုပ်ငန်းစဉ်မျိုး ဖြစ်ပါသည်။ ထိုသို့ နှစ်ဖက် သဘောတူညီချက် ရရှိရန် ကြားဝင်ဖျန်ဖြေပေးရာတွင်သမာသမတ်ကျပြီး ဘက်မလိုက်သောကြားဝင်ဖျန်ဖြေပေးသူ တစ်ယောက်လိုအပ်ပါသည်။ ထိုသူကပင်အမှုသည် နှစ်ဦးအကြား အပြန်အလှန် ပြောဆိုဆက်ဆံမှုများ ရှိစေရန်နှင့် နောက်ဆုံးဆုံးဖြတ်ချက်တစ်ရပ်ရရှိနိုင်ရန် ကူညီပေးရပါမည်။ ကြားဝင်ဖျန်ဖြေပေးသည့်သူသည် ကြားနေ အနေအထားတွင်သာ ရှိနေရပါမည်။ မည်သည့်အမှုသည်က မှန်သည်၊ သို့မဟုတ် မှားသည်ဟူသော ဆုံးဖြတ်ချက်များ ကို ကြားဝင် ဖျန်ဖြေပေးသူများမှ မပေးရပါ။ ကြားဝင်ဖျန်ဖြေပေးခြင်းအများစုတွင် ကြားဝင်ဖျန်ဖြေပေးသူသည် နှစ်ဖက် အမှုသည်အား မည်သို့မည်ပုံ လုပ်ဆောင်သည်ဟူသည့် အဖြေများကိုလည်း ပေးခွင့်မရှိပါ။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ပေးခြင်းသည် ဘက်လိုက်သော အကြံပြုချက်များဟု ယူဆနိုင်သောကြောင့်ဖြစ်ပါသည်။ ကြားဝင်ဖျန်ဖြေပေးသူ၏ တာဝန်သည် နှစ်ဖက်အမှုသည်များ အချင်းချင်း အပြန်အလှန်ဆွေးနွေးပြောဆိုမှုများ ရှိလာအောင် နှင့် ညှိနှိုင်း ဆွေးနွေးမှုများရှိလာအောင် ကူညီထောက်ပံ့ပေးရခြင်းပင် ဖြစ်ပါသည်။ နှစ်ဖက်အမှုသည်များ အကြားတွင် ရွေးချယ်စရာနည်းလမ်း များစွာ ရရှိလာအောင် ကူညီဆောင်ရွက် ပေးရခြင်းသည်လည်း ကြားဝင်ဖျန်ဖြေပေးသူ၏ တာဝန်ပင်ဖြစ်ပါသည်။ ထိုရရှိလာသည့် နည်းလမ်းများစွာထဲ မှ ဖြေရှင်းရန် နည်းလမ်းတစ်ခုကို နှစ်ဖက်အမှုသည်များမှ အတူရှာဖွေကြရမည် ဖြစ်ပါသည်။ ကြားဝင်ဖျန်ဖြေခြင်း လုပ်ငန်းစဉ်သည် ဆက်ဆက်ဖြစ်ပေါ်နေသော လုပ်ငန်းစဉ်ဖြစ်ပြီး ရက်သတ္တပတ်များစွာ သို့မဟုတ် လပေါင်းများစွာကြာရှည်နိုင်ပါသည်။ ကြားဝင်ဖျန်ဖြေပေးခြင်း လုပ်ငန်းစဉ်သည် နှစ်ဖက်လုံးမှ သဘောတူသည့် အဖြေရသည်အခါတွင် ပြီးဆုံးသွားမည်ဖြစ်သည်။ အကယ်၍ နှစ်ဖက်လုံးမှ သဘောတူသည့်အဖြေမရလျှင် ၎င်းတို့ရလိုသောရလဒ်သို့ ရောက်ရန် အမှုကိစ္စ/ပြဿနာကို တရားရုံးတွင် ဖြေရှင်းရန် ဆုံးဖြတ်နိုင်သည်။

## Handout 3.3.3: Arbitration
## ဝေငှစာရွက် (၃.၃.၃) - ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်း (အနုညာတစီရင်ဆုံးဖြတ်ခြင်း)

Arbitration is a method of alternative dispute resolution (ADR) in which a neutral third party, called the arbitrator, hears the dispute, reviews the evidence, and makes a decision called an award. The arbitrator’s role is similar to the role of judge in a court hearing. The arbitrator’s primary duty is to decide who should win. Unlike a court hearing, the parties involved in arbitration can often decide what legal rules will be applied, where the arbitration will take place, who the arbitrator will be, what issues will be determined by the arbitrator, what information will be disclosed, and what remedies are available.

Internationally, arbitration has become the primary method of resolving commercial and labor disputes. (*See* King, Janet and Rendall, Matthew. *Alternative Dispute Resolution.* Community Legal Education Center. University of San Francisco School of Law. Cambodia Law and Democracy Project. February 2000. Pp. 128-131.)

In 2016, Myanmar passed a new law on arbitration. The Arbitration Law of 2016 provides foreign investors with the option to resolve commercial disputes before a domestic or foreign independent tribunal of the parties’ contracted choice. It also requires Myanmar courts to enforce and recognize foreign arbitral awards which are generally supported by due process and not in opposition to the national interests or policies of Myanmar. (www.conventuslaw.com/report/myanmar-embraces-international-commercial/)

ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းသည် တခြားနည်းဖြင့် အငြင်းပွားမှုများကို ဖြေရှင်းခြင်း နည်းလမ်း (ADR) ပင် ဖြစ်ပါသည်။ ထိုသို့ဖြေရှင်းရန်အတွက် ဘက်မလိုက်သော တတိယလူမှ ခုံသမာဓိ အဖြစ် လုပ်ဆောင်ပေးရန် လိုအပ်ပြီး ဖြစ်ပွားနေသည့် အငြင်းပွားမှုကိုလည်း သေချာစွာ နားထောင် ပေးရန်လိုအပ်ပါသည်။ ထို့အပြင် တင်ပြလာသည့် သက်သေခံပစ္စည်းများကို စစ်ဆေးကာ ဘက်မလိုက် သော ဆုံးဖြတ်ချက်တရပ်ကိုလည်း ချမှတ်ပေးရပါမည်။ ခုံသမာဓိ၏ အခန်းကဏ္ဍသည် တရားခွင် ကြားနာခြင်းရှိ တရားသူကြီးတစ်ဦး၏ အခန်းကဏ္ဍနှင့် တူညီပါသည်။ မည်သည့်အမှုသည်က အနိုင်ရ သင့်သည်ဟု ဆုံးဖြတ်ခြင်းသည် ခုံသမာဓိတစ်ဦး၏ အဓိကတာဝန်ပင် ဖြစ်ပါသည်။ ခုံသမာဓိနည်းဖြင့် ဖြေရှင်းခြင်းသည် တရားရုံးတွင် ကြားနာခြင်းများနှင့် မတူဘဲ အမှုတွင်ပါဝင်သည့် အမှုသည်များမှ မည်သည့် ဥပဒေဆိုင်ရာစည်းမျဉ်းများကို ၄င်းတို့အမှုတွင် အသုံးချမည်၊ မည်သည့်နေရာတွင် ခုံသမာဓိမှာ ပါဝင်ပေးရမည်၊ မည်သူက ခုံသမာဓိအဖြစ်လုပ်ဆောင်ပေးရမည်၊ ခုံသမာဓိမှ မည်သည့် အကြောင်းအရာ အပေါ်တွင် ဆုံးဖြတ်ချက်ပေးရမည်၊ မည်သည့် သတင်းအချက်အလက်များကို အများသိစေရန် ဖွင့်ထုတ်ပေးမည်၊ နှင့် မည်သည့် ကုစားမှုများ ရရှိနိုင်သည် စသည်တို့ကို အတူ ဆုံးဖြတ်ပိုင်ခွင့် ရှိကြသည်။ နိုင်ငံတကာတွင် စီးပွားရေးနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုများကို ခုံသမာဓိနည်းဖြင့် အဓိက ဖြေရှင်းလေ့ရှိကြပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က ခုံသမာဓိနည်းဖြင့် ဖြေရှင်းခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ကို ပြဌာန်းခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ခုံသမာဓိနည်းဖြင့် စီရင်ဆုံးဖြတ်ခြင်းဥပဒေပါ ဖော်ပြချက်မှာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများသည် ၄င်းတို့၏ စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ၄င်းတို့ နှင့် စာချုပ် ချုပ်ဆိုထားသည့် ပြည်တွင်း (သို့မဟုတ်) ပြည်ပမှ လွတ်လပ်သော ခုံရုံးအဖွဲ့များကို မိမိတို့ နှစ်သက်သလို ရွေးချယ်ပြီး ၄င်းတို့၏ အငြင်းပွားမှုများကို ဖြေရှင်းခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။ ထိုနိုင်ငံတကာ ခုံသမာဓိများမှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များသည် မြန်မာ့မူဝါဒလမ်းစဉ်များကို ထိခိုက်မှုမရှိသော လမ်းစဉ်များ ဖြစ်နေခြင်း (သို့) မြန်မာ့အကျိုးစီးပွားနှင့် ဆန့်ကျင်မနေခြင်း နှင့် သင့်တင့်လျောက်ပတ်သော လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ဆောင်ထားခြင်း ရှိပါက ထိုဆုံးဖြတ် ချက်များကို မြန်မာတရားရုံးများမှလည်း အသိအမှတ်ပြု လက်ခံပေးရန် လိုအပ်ကြောင်း ဖော်ပြထားပါ သည်။
(www.conventuslaw.com/report/myanmar-embraces-international-commercial/)

## Handout 3.3.4: Phyu Phyu's Position
## ဝေငှစာရွက် (၃.၃.၄) - ဖြူဖြူ၏ နေရာ

Phyu Phyu wants a divorce.

Phyu Phyu is afraid that Tun Tun will hurt the children.

Phyu Phyu wants Tun Tun to stop drinking.

Phyu Phyu wants Tun Tun's family to stop treating her badly.

Phyu Phyu wants to receive financial support from Tun Tun.

ဖြူဖြူသည် ကွာရှင်းလိုပါသည်။

ထွန်းထွန်းက ကလေးများအား ထိခိုက်အောင်လုပ်မည်ကို ဖြူဖြူက စိုးရိမ်နေပါသည်။

ဖြူဖြူက ထွန်းထွန်းအား အရက် ဆက်မသောက်လိုပါ။

ဖြူဖြူ ဖြစ်လိုသည်မှာ ... သူမအား ထွန်းထွန်းမိသားစုမှ ရက်စက်စွာ ဆက်ဆံခြင်းကို ရပ်တန့်စေလို သည်။

ဖြူဖြူသည် ထွန်းထွန်းထံမှ ငွေကြေးဆိုင်ရာ အထောက်အပံ့များလည်း ရလိုပါသည်။

# Handout 3.3.5: Tun Tun's Position
# ဝေငှစာရွက် (၃.၃.၅) - ထွန်းထွန်း၏ နေရာ

Tun Tun does not want a divorce.

Tun Tun enjoys spending time with his friends in the evening and does not want to stop seeing them.

Tun Tun is angry that Phyu Phyu has called the police and wants an apology.

ထွန်းထွန်းသည် ကွာရှင်းမှုကို မလိုလားပါ။

ထွန်းထွန်းသည် ညနေခင်းဘက်တွင် သူ၏ သူငယ်ချင်းများနှင့် အချိန်ကုန်ဆုံးရတာ ကြိုက်ပါသည်။ ထို့ကြောင့် သူ့သူငယ်ချင်းများနှင့် အမြဲ တွေ့လိုပါသည်။

ဖြူဖြူက ရဲခေါ်လိုက်သောကြောင့် ထွန်းထွန်း ဒေါသထွက်သွားပြီး သူ့အား တောင်းပန်စကား ပြောစေလိုပါသည်။

## Handout 3.3.6: Ward Administrator's Position
## ဝေငှစာရွက် (၃.၃.၆) - ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ နေရာ

As you conduct this mediation, remember the rule of law principles:
ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ယောက်အနေဖြင့် ကြားဝင် ဖျန်ဖြေမှုကို ပြုလုပ်ပေးစဉ်တွင် အောက် ဖော်ပြပါ တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများကို အမှတ်ရပေးပါ။

| | |
|---|---|
| Fairness | တရားမျှတမှု |
| Transparency | ပွင့်လင်းမြင်သာမှု |
| Equality before the law | ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု ရှိခြင်း |
| Non-discrimination | ခွဲခြားဆက်ဆံမှု မရှိခြင်း |
| Public Participation | အများပြည်သူများ ပါဝင်နိုင်ခြင်း |
| Accountability | တာဝန်ခံမှုရှိခြင်း |
| Separation of Powers | အာဏာခွဲဝေခြင်း |
| Non-arbitrary decision making | ဆုံးဖြတ်ချက်ချရာတွင် ဘက်လိုက်မှုမရှိခြင်း |
| Judicial independence | တရားစီရင်ရေးတွင် လွတ်လပ်မှုရှိခြင်း |
| Supremacy of the law | ဥပဒေသည် အထွဋ်အထိပ်ဖြစ်ခြင်း |
| Human Rights | လူ့အခွင့်အရေးများ |
| Legal Certainty | ဥပဒေ၏ တိကျသေချာမှုရှိခြင်း |
| Access to Justice | တရားမျှတမှု လက်လှမ်းမီမှု ရရှိခြင်း |

## Handout 3.3.7: Observer
## ဝေငှစာရွက် (၃.၃.၇) - လေ့လာသူ

1. What are the most important issues for Phyu Phyu?
၁။ ဖြူဖြူ့အတွက် အရေးအကြီးဆုံး ကိစ္စရပ်မှာ အဘယ်နည်း။

2. What are the most important issues for Tun Tun?
၂။ ထွန်းထွန်းအတွက် အရေးအကြီးဆုံး ကိစ္စရပ်မှာ အဘယ်နည်း။

3. What agreement did the parties reach?
၃။ အမှုသည်များအကြားတွင် မည်သည့် သဘောတူညီချက်ကို ရရှိခဲ့ကြသနည်း။

4. If the parties did not reach an agreement, why not?
၄။ အကယ်၍ အမှုသည်များအကြားတွင် သဘောတူညီချက် မရရှိခဲ့ပါက ... အဘယ့်ကြောင့် မရရှိခဲ့ကြောင်းကို ပြောပြပေးပါ။